# ဉာဏ်စဉ်ဆယ်ပါးမဟာသုခဝင်္ဂဒါ

ဒေသနာကျမ်း

၆၄

## တံခွန်တိုင် သံတွဲမြို့ ရခိုင်တိုင်း။



မဟာသုခပဋ္ဌိပဒါ သာသနာ့ရိပ်သာကျောင်းတိုက်
ကျမ်းပြုဆရာတော်
" မာန်အောင် ဓမ္မကထိက ဦးပဏ္ဍိတ ကမ္မဋ္ဌာနစရိယ "
ဝိပဿနာယာနိကနှင့် သမထယာနိက ယောဂီအား
တရားဟောကြားနေသည့်ပုံ။

မဟာသုခ ပဋိပဒါ သာသနာ့အလင်းရောင်လောကကို
လျှန်းထိန် လျှန်းဝင်းပြောင်၊ သာသနာအားလုံး
ကုန်သုံးတိုင်အောင်
ထွန်းပါစေ၊ လင်းစေ၊ လင်းစေ၊ လူတို့ဘောင်

**သာသနာ့ဟိတ ဓမ္မာစရိယ ကမ္မဋ္ဌာနစရိယာ**
**အရှင်မြတ်**
**ကျေးဖူးချင် မာန်အောင် ဓမ္မကထိက**

# ဦးပညိတာ

၁၃၂၈-ခု၊ ဝါတွင်းသုံးလပတ်လုံး ဗုဒ္ဓသာသနာ့ ပဋိပတ္တိ
ကျင့်စဉ်လမ်းညွှန် ဟောကြားပြသတော်မူသော

# ဉာဏ်စဉ်ဆယ်ပါးမဟာသုခ ပဋိပဒါ
# ဒေသနာကျမ်း။

(၁) တံခွန်တိုင်ရပ်သား (၂) ရုံးစရစ်ရပ်သား
(၃) မြေကြားကုန်းရပ်သား (၄) ဘိုးဝကုန်းရပ်သား
မဟာသုခ ပဋိပဒါ သာသနာ့ရပ်သားအဖွဲ့၊
မူပိုင်

စဝတိုက်နယ်၊ သံတွဲမြို့၊ ရခိုင်တိုင်း
(ရေစစ္စတြဲ ပြုလုပ်ပြီး)
တန်ဘိုးဈေးနှုန်း ၃ကျပ်၊ ၅၀ ပြား။

# သုခပဋိပဒါ ဘုရားပင့်

ဥဒေတိဓါနိလောကညူ၊ စန္ဒိမာဝမ္မသိတဂူ၊
ပဘာသေဟိဏ္ဏုမေဇန္တူ၊ ဝမ္မရံသိဟိဓါတုဇူ။

ဓါနိဏ္ဏုဓါနိ၊ ရတနာစန်းယုံကြောင့်။ သဗ္ဗါဝန်အထံသို့' အဖြာဖြာ ဆန်းစုံ ဘင့်၍၊ အစွမ်းကုန် ပွင့်ရမည့်။ ဤယခု အခါ၌၊ ဝမ္မသိတဂူ၊ ရွှေအရောင်၊ မြအရောင်၊ ငွေအရောင်၊ ပိန်အရောင်၊ ပုလဲအရောင် အထွေထွေ အလှရောင်တို့ထက် အကုဋေမကဝင်းကြည်ပလျက်၊ အလင်းသိတလအဖြာဖြာ ပွားနိုင်သဖြင့်၊ ကမ္ဘာ့ ကမ္ဘာဘလွှားမှာ၊ ရတနာ၊ ရတနာ လည်း ဖြစ်တော်မူပေထသော။ စန္ဒိမာ၊ လေးကျွန်းလုံးကို လှည့် လေးရပ်ကို ဖြန့်သန်းတော်မူ၊ သိတဂူမြန်နန်း၊ လစန်း ရတနာကြီး ဖြစ်တော်မူပေထသော ရှင်တော်မြတ်ဘုရား။ တွံ၊ ရှင်တော်မြတ်ဘုရားကြီးသည်၊ ဏ္ဏုမေဇန္တူ၊ ရှေးရှေး သောပါရမီ၊ သမ္ဘာသိခါတ်စော၍၊ အမြတ်တနိုး၊ ဝါသ နာစိန်ကြသဖြင့်၊ ဝမ္မတာအတိုင်း၊ ဖြောင့်မှန်၍ နေကြကုန် သော ဤသတ္တဝါတို့အား၊ ပဘာသေဟိ၊ ရောင်ခြည်တော် တလက်လက်ဖြင့် တမြူးမြူး တသွင်သွင် ရောင်မျိုးစုံ ရောချယ်လျက်။ လှပတင့်တယ်တော်မူလှပါပေ၏။ ပဘာ သေဟိ၊ ဤအချိန်မှာတော့ အအေးဓါတ်ရိုက်၍ အခွဲ့စရိုက် တွေအစုံနှင့် ရုံရုံ လင်လင် ချမ်းကြည်ဇွိလျက်။ ငွမ်းဆိထိ သလို မခြားအောင် တတ်နိုင်သဖြင့်။ တရားအရောင်ဓါတ် သခင်ဖြစ်တော်မူပေထသော ရှင်တော်မြတ်ဘုရားသည်။

လောကညူ၊ လူအကြောင်းတွေ၊ နတ်အကြောင်းတွေ၊ ဗြဟ္မာအကြောင်းတွေနှင့် တကွ၊ တိုက်တကဿာလုံးမှာ ရှိသမျှသော အကြောင်းတွေမှန်သမျှကို၊ တစမကျန် မျက်ရှင်ပစ္စုပ္ပန်မြား လက်တင်ထားသကဲ့သို့၊ ပိုင်းခြားဝေဖန်၍၊ သဗ္ဗညုတ၊ ရွှေဉာဏ်တော်ဖြင့်၊ ကိုယ်တိုင် သိမြင်တော်မူပြီးတသော၊ ဓမ္မရံသီဟိ၊ ပုပါသည်၊ ပုပါသည်၊ သုတကာရီလျှင်၊ မျက်နှာထားချိုချိုနှင့် အလိုက်ဘာသာ ပြုကြသူနှင့်တကွ၊ တိုက်ကမ္ဘာလုံး၏ စရိုက်ဓမ္မတာအသုံးတို့ကို တလုံးတစည်းတည်း သိမြင်ဟောမူပေထသော မြတ်စွာဘုရားသည်၊ ဒါတုဇ္ဇ သတ္တဝါ ခပင်းတို့၏ သုခအသင်းရခြင်းသည်၊ ဣဓဒါနဲ၊ ဤမဟာသုခ ပဋိပဒါ သဘောနှင့် ရှိသောစခန်းဆိုက၊ ရန်ဘယာ အနိဌာ သတ္တဝါများ မဖန်ရအောင်၊ ဥဒေဘိ၊ ရောင်ခြည်ကွန့်ရွက်၊ ဖြန့်ခိုးကျက်၍၊ ကြွလှမ်းတော်မူလှည့်ပါ့၊ နိဗ္ဗာန်နန်းဌာနီမှာ၊ ရွှေဘုန်းသခင် အရှင်မြတ်ကြီးဘုရား၊ သာဓု.....သာဓု.....သာဓု

## တရားတောင်းခန်း

ဝဇီရဝုဇ္ဈသမ္ဗုဒ္ဓံ၊ တေဇံပတ္တဂတံယာတံ၊

တိဿာနံမေတ္တာစိတ္တေန၊ ဓမ္မံဒေသတုနာယကော၊

ဘာသန္တော၊ သုခသမ်းပဋိပဒါကို၊ သေချာဂန သိလိုကြသော မျှော်တွေးရောက်လာ၊ တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့၏၊ ကိုယ်စား တရား တောင်းသော တပည့်တော်သည်၊ ဝဇီရဝုဇ္ဈသမ္ဗုဒ္ဓံ၊ ပြုံးပြုံးပျက်ပျက်

တခဲနက်ဖြင့် ထွန်းလျက်ထိန်ပြောင်၊ စိန်ရောင်တောက်သွင် ပမာတင်သည့်၊ အလွန်လင်းသော ဥာဏ်ပညာနှင့်လည်း ပြည့်စုံတော်မူပေထသော၊ တေဇပတ္တဂတံယတံ၊ ဒေဝ မနုဿ ပူဇော်ကြ၍၊ ဇေဖြာမကင်း တေဇာလင်းသဖြင့်၊ ခယညွတ်ပြောင်း၊ ဘုန်းတန်ခိုး အာနုဘော် သို့လည်း ရောက်တော်မူပေထသော၊ နာယကော၊ လူပုဂ္ဂိုလ်အစားစား၊ သတ္တဝါအဖုံဖုံ၊ များမိုက်လူတို့၏၊ စရိုက်ဝမ္မဝါသနာကို သေချာဂန သိတော်မူတတ်သော အရှင်မြတ်ဘုရားသည်၊ တိဿာနံ၊ နီးရစ်အဝေးမှ ဤတရားဟောရာ၊ ဝမ္မရိပ်သာအတွင်းသို့ ယခုရောက်ရှိ နေကြသော များစွာ သောင်းပေါင်းတိဿတို့အား၊ မေတ္တာစိတ်တွေနှ၊ ကိုယ်နှင့် မခြား ချစ်ခင်ဘွယ်၊ သာလွန်းဘွယ်သော မေတ္တာစိတ်ဖြင့်၊ ဝမ္မ်၊ နဂိုရ်ခန္ဓာရုပ်နာမ်၊ အပိုခန္ဓာ ရုပ်နာမ်တို့ကို တိကျမှန်ကန်စွာ မသိကြကုန်သည်ဖြစ်၍ မောဟတကျော၊ အဝိဇ္ဇာဟု၊ သံသရာဝဋ် ဒုက္ခဓါတ်မှ၊ နစ်မွန်း မျောပါနေသော သတ္တဝါခပင်း တို့အား၊ ဒုက္ခအပေါင်း ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ လျှင်မြန်စွာ ပို့ဆောင်တတ်ငြား၊ သုခပဋိပဒါ မြတ်တရားကို၊ ဒေသေတု၊ မိဋ္ဌကတ်လာ၊ ဒေသနာအဖြာဖြာ၊ အဋ္ဌကထာတဝဋိကာပါဠိ တွင်ပြီးလျှင် ကြွရောက်လာကြသော များမိုက် ပရိသတ်အပေါင်းတို့၏ စေတနာ ရွှင်အိလာအောင် ဟောကြားတော်မူပါ အရှင်မြတ်ဘုရား၊ သာဓု......သာဓု......သာဓု

## ဆုတောင်းအမျှဝေ

အနဝရာ၊ တရားအောင်ပွဲ ဆောင်နွှဲ၊ယုယုမင်္ဂလာအရ တို့ကို၊ စေ၎ကြီးပန်း လှူဒါန်း ပူဇော်ခြင်းကို ပြုကုန်ကြ သော တရားနာပရိသတ် အမြတ် အပေါင်း သူတော် ကောင်းတို့၏၊ သန္တာနေ၊ တွင်းပန္နစ်တန်၊ ကိုယ်သန္တာန် ၌၊ အနိဋ္ဌာဘယာဒိ မင်္ဂလာနိ၊ အလိုမရှိသော ဥပဒ္ဒ ဘေးဒဏ် ရန်မာန်များပြောင်း၊ ထောင်သောင်းမက၊ အနိဋ္ဌ ဘေးစသော အ မင်္ဂလာတို့ကို၊ ဟိတွာ၊ ရတနတ္တာယ ဂုဏာနုဘာဝ၊ ထာမက အလျောက် ပယ်လွင့်ပျောက်၍၊ ဣဋ္ဌကန္တ သုခမင်္ဂလာနိ၊ အလိုရှိအပ်သော၊ နှစ်သက်အပ် သော၊ မြတ်နိုးအပ်သော၊ သာယာအပ်သော၊ မင်္ဂလာ ကောင်းမင်္ဂလာမှန်၊ မင်္ဂလာမြတ်တို့သည်၊ ဝဍ္ဍန္တု၊ နေ့၊ ရက်၊ လ၊ နှစ်တွက်စစ်ပိုင်းခြား၊ များသထက်များအောင် တိုးပွား ကြပါစေသတည်း၊ ပတ္ထိတဝရာနိ၊ လောကီ-လောကုတ် မယုတ်-သုခ၊ တောင့်တမြွက်ဆို အလိုရှိသမျှ သော ဆုအနေပါင်းတို့သည်၊ သိဇ္ဈန္တု၊ ယခုချက်ချင်း လက် ငင်းဆင်ထင် အလျှင်-အမြန်၊ ပရိပူရေန္တု၊ မဖြိတ် မသုံ၊ ပြည့်စုံကြပါစေသတည်း၊

## နိဒါန်းမှတ်သားဘွယ်

ဝိဝါဒံဘယတော ဒိတွာ၊ အဝိဝါဒဉ္စ ခေမတော၊
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာဗုဒ္ဓါနုသာသနံ၊

ဝိဝါဒံ၊ မမှန်စရိုက် ဥာဏ်အရိုက်နှင့် ရန်ခိုက်ဖြစ်ပွား အငြင်းအခုံများကို၊ ဘယတော၊ ဆူးပေါ်ဖက်ကျူ မမာဖြ

သို့ ရောမဘေးကြီးဟူ၍၊ ဒိသွာ၊ မဟာသုခ ပဋိပဒါဉာဏ်ဖြင့် မြင်သောကြောင့်၊ အဝိစိဒုဂ္ဂ၊ ခိုက်ရန်ဖြစ်ပွား အငြင်းအခုံများခြင်းကိုလည်း၊ ခေမတော၊ ဘေးရန်မရှိ မှစွန်းပြီဟူ၍၊ ဒိသွာ၊ မဟာသုခပဋိပဒါ သာသနာ့ရိပ်သာဝင် ယောဂီများ၏ ဉာဏ်ဖြင့် မြင်သောကြောင့်၊ သမဂ္ဂါ၊ ညီညွတ်သောအား မဟာသုခပဋိပဒါဝင် ယောဂီများ ပြေပြစ်ချိုသာ ကျစ်လစ်သော စကားနှင့်ကြ ပါကုန်သည်၊ ဟောထ၊ ဖြစ်ကြကုန်လော၊ ဇောသ၊ ဤသို့ပြုမြင်မှ ကိုယ် နှုတ်, နှလုံး သုံးပါးကို စောင့်သုံးဉာဏ်ယှဉ်၍၊ မဟာသုခ ပဋိပဒါ သာသနာ့ရိပ်သာဝင် ယောဂီများ အမြဲမပြတ် နေထိုင်ကြခြင်းသည်၊ ဗုဒ္ဓါနံ၊ သဗ္ဗာသိဖြင့် ဘုရားရှင်တို့၏၊ အနုသာသနီ၊ အဆုံးအမတော်တည်း၊

ဤဒေသနာတော်မြတ်ကို ဦးထိပ်ပန်ဆင်လျက်......

## အတ္တဒတ္ထံ ပရတ္ထေန ပရာဇယေ၊

အတ္တဒတ္ထံ၊ မဟာသုခပဋိပဒါ သာသနာ့ရိပ်သာဝင် ယောဂီများ၏ အကျိုး စီးပွားကို၊ ပရတ္ထေန၊ ဒုက္ခပဋိပဒါ၊ အကျိုးစီးပွါးဖြင့်၊ နပရာဇယေ၊ လွတ်အောင်ရုန်း လေ မရှုံးစေရာ၊

ဗုဒ္ဓ၏ဩဝါဒကို မပြတ်သမျှ ဉာဏ်ဖြင့်ရှု၍ လေ့လာ ပွားများ၍၊ သီးမခံခြင်း အပြစ် ငါးပါးမှာ....(၁) လူအများအပေါင်း အလိုမနှစ်ခြင်း၊ (၂) နှလုံးကိုမပွားစေခြင်း၊

(၃) ရန်များခြင်း၊ (၄) တွေဝေ၍အပြစ်များခြင်း၊ (၅) သေသည့်မှနောက်၌ ငရဲသို့သွားရခြင်း။

သီးခံခြင်း အကျိုးငါးပါးမှာ....(၁) လူများချစ်ခြင်း၊ (၂) ရန်ငြိမ်းခြင်း၊ (၃)အပြစ်နည်းခြင်း၊ (၄)မတွေမဝေ သေရခြင်း၊(၅) သုဂတိသို့လားရခြင်း၊

## တရားနာခြင်းအကျိုးငါးပါး

(၁) မကြားဘူးသော ထုံးနည်း ပုံစံ တရားစကား ကောင်းကိုကြားနာရခြင်း၊

(၂) ကြားဘူးလေပြီးသော တရားစကားကောင်းကို အဖန်တလဲလဲ မှတ်မိအောင် ကြားနာရခြင်း၊

(၃) ယုံမှားသံသယကို ပျောက်နိုင်ခြင်း၊

(၄) အယူဝါဒကို ဖြောင့်စွာယူနိုင်ခြင်း၊

(၅) သဒ္ဓါယုံကြည်သောစိတ်တိုးပွားခြင်း၊

မာန်အောင် မဟာသုခပဋိ ဒါ သာသနာ့ရိပ်သာ ဓမ္မကထိကဟူ၍ရင်း၊ သံတွဲမြို့၊ တံခွန်တိုင် မဟာသုခပဋိ ပဒါ သာသနာ့ရိပ်သာ ဓမ္မကထိကဟူ၍ရင်း။ ရခိုင်တိုင်းတွင် ထင်ပေါ်ကျော်ဇောလာသည့် ကျွန်ုပ်တို့ကျေးဇူးရှင် မာန်အောင်ဓမ္မကထိက ဆရာတော် ဦးပဏ္ဍိတ၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနစရိယသည်၊ မာန်အောင်၊ ခအုံးမော်ရွာသစ် သျှင် ဘွားမှု ဇာတိဖြစ်၍၊ ပဝတ္တိအခါတွင် မန္တလေး၊

ရန်ကုန်၊ မအူပင်၊ မော်လမြိုင်၊ ကျောက်ဆည်၊ ကျောက်ပြူ၊ မြေပုံ၊ မင်းဗူး၊ စစ်တွေ၊ သံတွဲ စသော အရပ်ရပ် မြို့ရွာများသို့ ကြွမြန်းပြီးသကာလ၊ မဟာသုခ ပဋိပဒါ ပဋိပတ် တရားတော်များကို ဗုဒ္ဓ၏ သာသနာပြုဘပည့် သား[illegible] ချီးမြှောက်ကြွမြန်း ဟောကြားသည်ကို တွေ့ရှိရပါသည်။ ကျေးဇူးရှင် ဦးပဏ္ဍိတမှာ ယခုတဖန် သံတွဲမြို့အနီး၊ တံခွန်တိုင် စဝတိုက်၊ ရုံးစရစ်၊ မြေကြားကုန်း၊ ဘိုးဝကုန်း၊ ကင်းမွန်၊ ကျိုင်ကုန်စသော အသီးသီးသော မြို့ရွာတို့ကနှင့် မဟာသုခပဋိပဒါ သာသနာ့ရိပ်သာ ယောဂီအဖွဲ့၊ ဦးစောအောင်၊ ဦးမောင်ညိုဥက္ကဋ္ဌ၊ ဇာနီး ဒေါ်ရွှေသွယ်၊ ဒေါ်သိန်းနု၊ ဒေါ်အေးချို၊ ဒေါ်စိန်ညွှန့်၊ ဒေါ်အေးမှို၊ ဦးညိုကျော်၊ ဦးကံကြီး၊ ဦးဘိုးသန့်၊ ဦးလှတင်၊ ဦးလှညွှန့်၊ ဦးမောင်စံ၊ ဦးရွှေဆိုး၊ ဦးမောင်တင့်၊ ဦးညိုကြီး၊ ဒေါ်မလှ၊ ဦးသန်းချိုင်၊ ဦးမောင်အေး၊ ဦးလှဘင်၊ ဦးဘိုးဉာဏ်၊ ဒေါ်စိန်နှင်း၊ ဒေါ်မိလုံး၊ မကြွန့်၊ မစောညွှန့်၊ မသိန်းကြည်ဝင်း၊ စသော ယောဂီပုဂ္ဂိုလ်များက၊ "ဉာဏ်ဆယ်ပါး မဟာသုခပဋိပဒါ ဒေသနာကျမ်းမြတ်ကို၊ ယခုကာလ နဝမခေတ် သာသနာအတွင်း၊ မဂ်ဖိုလ် နိဗ္ဗာန်တံခါးကို ဖွင့်လင်းပေးပါမည့် အကြောင်း ရှိသေတုပ်ဝပ် ခြေစုံရပ်၍ တောင်းပန်သည့် သနားဂရုဏာ မေတ္တာထောက်ရှု ဟောကြား ရေးသားစီရင်တော်မူသတည်း။

နိဒါန်းမှတ်သားဖွယ် အကျဉ်းပြီးပါပြီ။

နမောတဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

## သီလတောင်းခန်း

သန္တေ့၊ ဒုက္ခသမုဒယ၊ နိရောဓနှင့် မဂ္ဂတဖြာ၊ လေး၊ သစ္စာကို ကောင်းစွာ သိမြင်တော်မူသော အရှင်မြတ်ဘုရား၊ မေမမ၊ သံသရာပြင်ကျယ် ဩဃလေးဝဲ၌ တာရှည် နစ်မွန်းမျောပါးနေငြား တပည့်တော်-တပည့်တော်မတို့အား၊ ဓမ္မံ၊ သုံးပါးသရဏဂုံ ငါးစုံသီလ (သို့တည်းမဟုတ်)ရှစ်ဖြာသီလ ကိုးပါးသီလ၊ ဆယ်ပါးသီလ(ဟုထည့်၍ရွတ်နိုင်သည်)မြတ်ဓမ္မကို၊ ဒေသ၊ ဂရုဏာထား မေတ္တာပွား၍ ပေးသနားတော်မူပါ အရှင်သူမြတ်ဘုရား။

သာဓု......သာဓု ....သာဓု

## ကန်တော့ခန်းအဓိပ္ပါယ်သရုပ်များ

အပါယ်လေးပါး။ ။(၁)ငရဲ၊(၂)တိရစ္ဆာန်၊(၃)ပြိတ္တာ၊
(၄) အသုရကာယ်၊

ဘေးသုံးပါး။ ။(၁) ငတ်မွတ် ခေါင်းပါးသော အခါ၌ ကြုံရခြင်း၊ (ဒုဗ္ဘိက္ခန္တရကပ်)၊
(၂) ဓါး,လှံ,သေနတ် စသော လက်နက် တို့ဖြင့် အချင်းချင်း ထိုးခုတ်သတ်ဖြတ်သောအခါ၌ ကြုံရခြင်း၊ (သတ္ထန္တရကပ်)၊
(၃) အနာရောဂါဘေးတို့ဖြင့် သေကြေ ပျက်စီးသောအခါ၌ ကြုံရခြင်း၊ (ရောဂန္တရကပ်)၊

ရပ်ပြစ်ရှစ်ပါး။ ။(၁) ငရဲ၊ (၂) တိရစ္ဆာန်၊ (၃) ပြိတ္တာ၊ (၄) အသညသတ်နှင့် အရူပဗြဟ္မာ၊ (၅) အလွန်ရိုင်းရိုင်းသော ပစ္စန္တရစ်အရပ်၊ (၆) မိစ္ဆာဒိဋ္ဌိဖြစ်သူ၊ (၇) ဆွံ့အ နားပင်းခြင်းစသော ကုန္ဒြေ ချို့တဲ့သောသူ၊ (၈) ဘုရားမပွင့်သောအခါ တိဟိတ် ပဋိသန္ဓေနေရသောသူ၊

ရန်သူမျိုးငါးပါး။ ။(၁) ရေ၊ (၂) မီး၊ (၃) မင်း၊ (၄) ခိုးသူ (၅) မချစ်မနှစ်သက်သောသူ၊

ဝိပတ္တိလေးပါး။ ။(၁) သီလပျက်စီးခြင်း၊ (၂) ကိုယ်ကျင့်တရားနှင့်တကွလောကုတ္တရာ တရားပျက်စီးခြင်း၊ (၃) မိစ္ဆာဒိဋ္ဌိအယူကိုယူခြင်း၊ (၄) မိစ္ဆာဇီဝနှင့် အသက်မွေးခြင်း၊

ဗျသနတရားငါးပါး။ ။(၁) ဆွေမျိုးတို့၏ ပျက်စီးခြင်း၊ ဉာတိဗျသန၊ (၂) စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်း ဘောဂဗျသန၊ (၃) အနာရောဂါကျရောက်၍ပျက်စီးခြင်း၊ ရောဂဗျသန၊ (၄) မှားသော မိစ္ဆာအယူကို ယူခြင်း၊ အယူ၏ပျက်စီးခြင်း၊ ဒိဋ္ဌိဗျသန၊ (၅) သီလပျက်စီးခြင်း၊ သီလဗျသန၊

ရှစ်ပါးသောအပြစ်၊ ။(၁) မီးကြောင့် ပျက်စီးရခြင်း အပြစ်၊ (၂) ခိုးသူကြောင့် ပျက်စီးရခြင်းအပြစ်၊ (၃) မင်းကြောင့်ပျက်စီးရခြင်းအပြစ်၊ (၄) ရေကြောင့် ပျက်စီးရခြင်းအပြစ်၊ (၅) မြှုပ်နှံထားအပ်သော ပစ္စည်းဥစ္စာတို့၏ ပျက်စီးရခြင်း အပြစ်၊ (၆) မ

ကောင်းသောအမှုတို့နှင့် ယှဉ်သည်ဖြစ်၍၊ မိမိ၏ အမှုကြီးငယ်ပျက်စီးရခြင်းအဖြစ်။

ဆယ်ပါးသောဒဏ်။ ။(၁)အသွေးအသား ရုပ်ဆင်းအင်္ဂါ တို့ကို ဆုတ်ယုတ်ပျက်ပြားစေတတ်သော ကြမ်းကြုတ်သော ရောဂါဝေဒနာဖြစ်ရခြင်း၊(၂) ကိုယ်ခန္ဓာပျက်စီးခြင်း၊(၃)လေးလံပျောက်ခဲသော ရောဂါအနာ ကပ်ရောက်ခြင်း၊(၄) စိတ်ပျံ့လွင့်ခြင်း၊ (၅) မင်းမှဖြစ်သော ဘေးရန်ရခြင်း။ (၆) ကြမ်းကြုတ်စွာစွပ်စွဲခံရခြင်း၊ (၇) အဆွေအမျိုးတို့ပျက်စီးကုန်ခန်းရခြင်း၊(၈) စည်းစိမ်ဥစ္စာတို့ပျက်စီးကုန်ခန်းရခြင်း (၉)မပြစ်မှားသင့်သောသူကို ပြစ်မှားမိသဖြင့် မိမိ၏အိမ်ကို မီးလောင် ခံရခြင်း၊ (၁၀) သေသည်၏အခြားမဲ့၌ အပါယ် လေးဘုံသို့ ကျရောက်ရခြင်း၊

တဆယ့်ခြောက်ပါး။ ။(၁)ဆဲဆေး ရေရွတ်ခံရခြင်း။ (၂) သောဥပ္ပဒ္ဒဝေါ။ ထိပ်ထောင် တံခါး နှောင်ဖွဲ့ခံရခြင်း၊(၃) ကြိုးဖြင့်နှောင်ဖွဲ့ခံရခြင်း၊(၄)သံခြေကျင်းဖြင့်နှောင်ဖွဲ့ခံရခြင်း၊ (၅)ကြိမ်နွယ်ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၆) ကြိုးနွယ်ဖြင့်နှောင်ဖွဲ့ခံရခြင်း၊ (၇)တိုက်တွင်းလှောင်၍ခံရခြင်း၊ (၈) ကျုံးရုံ၍ နှောင်ဖွဲ့ခံရခြင်း၊ (၉) ရွာဖြင့်နှောင်ဖွဲ့ခံရခြင်း၊ (၁၀)နိဂုံ ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၁၁) မြို့ဖြင့် နှောင်ဖွဲ့ခံရခြင်း။ (၁၂) တိုင်းပြည်ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၁၃) ဇန

ပုဒ်ဖြင့်နှောင်ဖွဲ့ခံရခြင်း၊ (၁၄) သင့်အား ပြုဘွယ်ကိစ္စရှိသဖြင့် အချုပ်တပါ သို့ မသွားလင့်ဟုနှောင်ဖွဲ့ခံရခြင်း၊ (၁၅) တရာ တထောင်သော ဥစ္စာတို့ကို ဒဏ်ဆောင်ခံရခြင်း၊ (၁၆) ဘော်ပြပါအကြောင်းတို့ကြောင့် ဆင်းရဲပြိုပြင် ပူပင်သောက စိတ်နှလုံး မသာမယာဖြစ်ရ၏။

၂၅-ပါးသောဘေး၊ ။(၁) မင်းဘေး၊ (၂) ခိုးသူဘေး၊ (၃) လူဘေး၊ (၄) နတ်ဘီလူးဘေး၊ (၅) မီးဘေး။ (၆) ရေဘေး၊ (၇) တစ္ဆေဘေး၊ (၈) သစ်ငုတ်ခလုပ်ဘေး၊ (၉) ဆူးငြောင့်ခလုပ်ဘေး၊ (၁၀) မကောင်းသော နက္ခတ်ဘေး၊ (၁၁) ဇနပုဒ်၌ဖြစ်သောအနာဘေး၊ (၁၂) မသူတော်တို့၏ မတရားဘေး၊ (၁၃) အမြင်မှားသောဘေး၊ (၁၄) သူတော်မဟုတ် သူယုတ် တို့၏ ဘေး။ (၁၅) ကြမ်းသောဆင်ဘေး၊ (၁၆) ကြမ်းသော မြင်းဘေး၊ (၁၇) ကြမ်းသောနွားဘေး။ (၁၈) ကြမ်းသောခွေးဘေး၊ (၁၉) ကြမ်းသောမြွေဘေး၊ (၂၀) ကြမ်းသောကင်းဘေး၊ (၂၁) ကြမ်းသောသစ်ဘေး၊ (၂၂) ကြမ်းသော စံဘေး၊ (၂၃) ကြမ်းသောအောင်းဘေး၊ (၂၄) ကြမ်းသောဝက်ဘေး၊ (၂၅) ကြမ်းသောကျွဲဘေး၊

၃၂-ပါးသောကံကြမ္မာ၊ ။(၁) ဆူးရှိသောကြိမ်လုံးတို့ဖြင့် ရိုက်နှက်သည်ကို ခံရခြင်း၊ (၂) အဆူးမရှိသော

ကြိမ်လုံးတို့ဖြင့် ရိုက်နှက်သည်ကိုခံရခြင်း။(၃)သုံးတောင်လေးတောင်ရှိသောလှံတံ ဝါးခြမ်းတို့ဖြင့် ရိုက်နှက်သည်ကိုခံရခြင်း။ (၄) လက်ကိုဖြတ်ခြင်း။ (၅) ခြေကိုဖြတ်ခြင်း။(၆)လက်ခြေတို့ကိုဖြတ်ခြင်း။ (၇) နားရွက်ကိုဖြတ်ခြင်း။ (၈) နှာခေါင်းကိုဖြတ်ခြင်း။ (၉) နားရွက်-နှာခေါင်းကိုဖြတ်ခြင်း။ (၁၀) ဦးခေါင်းခွံကိုခွါ၍ လောလောပူသော သံတွေခဲတွေကို ဦးနှောက်ထဲထည့်ခြင်း။ (၁၁) အထက်နှုတ်ခမ်းပန်းဆံပင်တိုင်အောင်ဦးရေတို့ကိုခွါ၍ ရှန်ရင်းကြမ်းတမ်းသော ကျောက်ခဲတို့ဖြင့် ပွတ်သည်ကိုခံရခြင်း။ (၁၂) ခံတွင်းကိုသံကံချင်ထောက်လျက် ခံတွင်းထဲမီးထွန်းခြင်း။ (၁၃) တကိုယ်လုံးဆီဆွတ်သော အဝတ်ပုဆိုးရစ်ပတ်လျက် မီးဖြင့်တိုက်ခြင်း (၁၄) လက်၌ဆီဆွတ်သော အဝတ်ပုဆိုးရစ်လျက် မီးထွန်းခြင်း။ (၁၅) ဖြုန်းရွက်ပမာ အရေခွံတို့ကို ခွာခြင်း။(၁၆) အရေကိုခွါ၍ အဆစ်အဖုဋ္ဌိစုဝေးစေသောအမှုကိုပြုခြင်း။ (၁၇)လေးဘက်တွားအောင် တတောင် နှစ်ချောင်း-ဒူးနှစ်ချောင်းတို့၌ သံတို့ဖြင့် ရိုက်နှက်ခြင်း၊ (၁၈) နှစ်ဖက် အသွားရှိသော သံများကောက်ဖြင့် ချိတ်ဆွဲ၍ အရိုးကြဲကြဲ ရှိသည်ကို ပြုခြင်း။(၁၉) လူ၏သားတစ်တို့ကို ဝါးမ ပဲကလပ်တို့ဖြင့် စိတ်ဖြာလျက်၊ တသပြာ-နှစ်သပြာ သားတစ် ကျသည်ကိုပြုခြင်း။ (၂၀) အသားကိုလှံဖြင့်ထိုးဆွ

လျော်ဆားလူးသည်ကို ပြုခြင်း၊ (၂၁) တဘက်စောင်းအိပ်စေလျက်နားနှင့်သံတံကျင်နှက်ပြီးမှ စက်လှည့်သကဲ့သို့ခြေကိုကိုင်၍လှည့်ခြင်း၊ (၂၂) အရေအသားတို့ကို မပုတ်စေရဘဲ ဆောက်ပုဒ်ဖြင့် အရိုးတို့ကို ညက်ညက်ကြေအောင် ရိုက်ခတ် စေသဖြင့် ကောက်ရိုးရုပမာ ဖြစ်အောင်ပြုခြင်း၊ (၂၃) ပူစွာသော ဆီဖြင့် သွန်းလောင်းသည်ကို ပြုခြင်း၊ (၂၄) နှစ်ရက်-သုံးရက် အစာမပေးဘဲထားသော ခွေးရဲတို့ကို ကိုက်စားစေခြင်း၊ (၂၅) အသက်ရှည်စဉ်ပင်လျှင်သံတံကျင်တို့ဖြင့်လျှိုခြင်း၊ (၂၆) ဦးခေါင်းကိုဖြတ်ခြင်း၊ (၂၇) ပူစွာသော သံတံကျင်ကို လက်ဝဲလက်၌ရိုက်နှက်ခြင်း၊ (၂၈) ပူစွာသောသံတံကျင်ကို လက်ဝဲခြေ၌ရိုက်နှက်ခြင်း၊ (၂၉) ပူစွာသောသံတံကျင်ကို လက်ျာလက်၌ရိုက်နှက်ခြင်း၊ (၃၀) ပူစွာသော သံတံကျင်ကို လက်ျာခြေ၌ ရိုက်နှက်ခြင်း၊ (၃၁) ပူစွာသောသံတံကျင်းကိုရင်အလယ်၌ရိုက်နှက်ခြင်း၊ (၃၂) တကိုယ်လုံးဓါးမဖြင့် ခွဲခြင်း၊

၉၆-ပါးသောရောဂါ၊ ၊(၁) ကံကြောင့် ဖြစ်သောရောဂါ ၃၂-ပါး ဝေဒနာ၊ (၂) ဥတုကြောင့် ဖြစ်သော ရောဂါ ၃၂-ပါး ဝေဒနာ၊ (၃) အာဟာရကြောင့် ဖြစ်သော ရောဂါ ၃၂ ပါးဝေဒနာ၊

တနည်း ၉၆-ပါး၊ ၊(၁)သည်းခြေပျက်ခြင်းကြောင့်ရောဂါ ၃၂-ပါး၊ (၂) သလိပ်ပျက်ခြင်းကြောင့် ရော

ဂါ ၃၂-ပါး၊ (၃) လေဗျက်ခြင်းကြောင့် ရောဂါ ၃၂-ပါး။

ယောဂီများ...... ဘုရား....။

ယခုဟောကြားပြခဲ့တဲ့အတိုင်း ဆုတောင်းနေကြတာဟာ လွတ်လို-ကျွတ်လိုဒါတဲလား......ယောဂီများ......

ယောဂီများ....မှန်ပါဘုရား၊

ဒီလိုလွတ်လိုရင် သိစရာမှန်သမျှကို ဗုဒ္ဓ သိတဲ့အတိုင်း၊ သိအောင် အရေးကတော့ ယောဂီများရဲ့ ဉာဏ်မှာဘယ်ပါးဘာများရှိကြမလို့ ဒီတရားတွေဟာ နဂိုရ်ခန္ဓာရဲ့ လက်တွေ့ခံစားချက်တွေဘဲ မဟုတ်ဘူးလား။

မှန်ပါဘုရား....နဂိုရ်ခန္ဓာရဲ့ လက်တွေ့ ခံစားချက်ဒုက္ခတွေပါ။

အပေါ်ခန္ဓာတွေတော့ မပါဘူး တကာ မောင်ညို။

မှန်လှပါ.....အပေါ်ခန္ဓာတွေဟာ မရှိခင် အရှိထားပြီး ဆုတောင်းနေခြင်းပါဘုရား၊

ဗုဒ္ဓကနဂိုရ်တရားကိုနဂိုရ်တရားလိုဉာဏ်ဝယ်သိ၊အပေါ်တရားတွေကို မစွဲနဲ့၊ မကြိုနဲ့၊ မပြုနဲ့လို့ ဟန့်တားတာတော် တကာမောင်ညိုတို့က၊ မိမိရဲ့ ယထာဘူတဉာဏ်မပိုင်ကြသေးဘူးလား။

မှန်ပါဘုရား။

ဒါဖြင့်......ဉာဏ်စဉ် ဆယ်ပါးကို ဆက်လက် ဟောကြားရမယ်

ကိုင်း....ပါရမီရှင် ယောဂီများ...... ဘုရား၊

## (၁) သမ္မာသနဉာဏ်

တေဘူမကသင်္ခါရေသု၊ ပဿတောလက္ခဏတ္တယံ၊
သမ္မသနနာမဉာဏံ၊ ဇာတံ ပဌမ ယောဂိနော။ ။

တေဘူမကာ သင်္ခါရေသု၊ ကာမရူပ အရူပတွင် ပါဝင်လျက်၊ အမျှပေါင်းစု သင်္ခါရတို့၌၊ လက္ခဏတ္တယံ၊ မြဲနိုင်လစ် ဒုက္ခစစ်နှင့် အနှစ်မဲ့ အင် လက္ခဏာယဉ် သုံးပါးကို၊ ပဿတော နည်းအဖုံဖုံ ကုန်အောင်ရှုမှု တလုံလဲလဲ စွဲမြဲထင်မြင်အောင် ဆင်ခြင်ကြည့်ရှုပေသော၊ ပဌမယောဂိနော၊ ပဌမလျှင် အစတွင်၍ အစဉ်ကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်၏၊ သမ္မသန နာမ ညာဏံ၊ သမ္မသန အမည်ရလျက်၊ သင်္ခါရတွင်း ဉာဏ်အလင်းသည်၊ ဇာတံ၊ ဒုက္ခခပ်သိမ်း စင်ဇာတ်ငြိမ်းဘို့ ကိန်းအားလျော်စွာဖြစ်ပေါ်၍လာပေသတည်း။

သာဓု……သာဓု……သာဓု

သမ္မသိယတေ ဧတေနာတိ သမ္မသနံ(အဝုတ္တကတ္တုသာဓန)။

ဧတေန၊ မမြဲ၊ ဆင်းရဲ၊ အစိုးမရ ဟူသော အကြောင်းသုံးပါးဖြင့်၊ သမ္မသိယတေ၊ ရုပ်၊ နာမ် သင်္ခါရ တရားတို့ကို ကောင်းစွာဉာဏ်ဖြင့် သုံးသပ်တတ်၏၊ ဣတိတသ္မာ၊ ထိုသို့ဉာဏ်ဖြင့် သုံးသပ်တတ်သော သတ္တိထူးကြောင့်၊ သမ္မသနံ၊ သမ္မသနမည်၏။

ပါရမီရှင်ယောဂီများရဲ့ ဥာဏ်ကို သမ္မသန ဥာဏ်ဟု ခေါ်သည်၊ မဂ်ပေါက် ဖိုလ်ဝင်ဘို့ရာ မမြဲ၊ ဆင်းရဲ၊ အစိုး မရ ဤသုံးပါးကို ယာဉ်ရထားနှင့်တူသောကြောင့် ပါဠိ လို ယာနတ္တယ၊ မြန်မာလို လက္ခဏာယာဉ် သုံးပါးဟု ခေါ်သည်၊

## ကြည့်စလ သမ္မသနလေးမျိုး

(၁) ကာလာပသမ္မသန၊

(၂) အဒ္ဓါသမ္မသန၊

(၃) သန္တတိသမ္မသန၊

(၄) ခဏသမ္မသန၊

(၁) ကလာပသမ္မသန နည်းဆိုဒါ၊ အတိတ် ဘဝ၌ ဖြစ်သော ရုပ်စသည်ဖြင့် မခွဲခြားဘဲ၊ ရုပက္ခန္ဓာ အားလုံး၊ အတိတ်ဘဝ၌ဖြစ်သော နာမ်စသည်ဖြင့် မခွဲခြားဘဲ ဝေဒနက္ခန္ဓာ အားလုံး စသည်ဖြင့်ခန္ဓာတခုခုကို အပေါင်းပြု၍ သုံးသပ်ဆင်ခြင်သောဥာဏ်သည် ယောဂီများ၏ကာလာပသမ္မသနလို့မှတ်၊ ကာလာပသဒ္ဒါသည် ရုပ်ကလာပ်ဟူ၍ ကဲ့သို့ အပေါင်းဟူသော အနက်ကို ဟော၏၊

(၂) အဒ္ဓါသမ္မသန နည်းဆိုဒါ၊ အတိတ်ဘဝ၌ ဖြစ်သော ရုပက္ခန္ဓာ၊ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ရုပက္ခန္ဓာစသည် ဖြင့် ဘဝခွဲခြား၍ သုံးသပ် ဆင်ခြင်သော ဥာဏ်သည်

ယောဂီများ၏ အဒ္ဓါသမ္မသန ဉာဏ်လို့မှတ်၊ အဒ္ဓသဒ္ဒါ သည် အဓွန့်ကာလကိုဟော၏၊

(၃) သန္တတိသမ္မသနဆိုဒါ၊ အပူရုပ်အစဉ်၊ အဧရုပ် အစဉ် စသည်ဖြင့် တဘာဝတည်း၌ပင် အစဉ် အမျိုးမျိုး ခွဲ ခြား၍ သုံးသပ်ဆင်ခြင်သော ဉာဏ်သည်၊ ယောဂီများ၏ သန္တတိသမ္မသန ဉာဏ်လို့မှတ်၊ ယောဂီများ လိုက်ဆို ရွတ်ကြ၊

သုံးပါးအယှဉ်၊ ဆယ်ဒသကပဉ္စကတည်း စတုက၊ တိ၊ ဒွိနှင့်ဧက၊ သုံးတု ရတုခြောက်သွယ်၊ လကွယ်လဆန်း၊ ဒွိနရတ္တိ၊ ဆဋ္ဌိအခါ၊ ကမ္မိယာသာ၊ ဥဒ္ဒါရဟု စသည့် ခြောယ်ခု ထိုထိုရဉ္ဇ ရှိမှုဉာဏ်သုံ အလုံးစုံသည့် ရွေ့တုံမြစ်၊ တဆစ်တရပ် တစဝ်ထဆင်း နှမ်းအိုးခင်းထက်၊ နှမ်း စေ့ကျက်သို့ ကွဲပျက်ကြေမွ အနိစ္စသည်၊ ဒုက္ခ၊ အနတ္တ ချည်းတည်း၊ ပါရမီရှင်များ ဒိဗ်သုဒ္ဓိမဂ် အဋ္ဌကထာ ကျမ်း၏ဖွဲ့ဆိုအပ်သော တရားသဘောကို ဓိဓိတ္တုဉာဏ် ဝယ် ပိုင်ကြရဲ့လား၊

မှန်ပါ.....ပိုင်ပါ၏ဘုရား၊

(၄) ခဏသမ္မသနနည်းဆိုဒါ၊ ရုပ်အစဉ် တမျိုး၌ပင် ဥပါဒ် ဌီ၊ဘင် ဟူသော ခဏအားဖြင့် ခွဲခြား၍ သုံးသပ် ဆင်ခြင်သော ဉာဏ်သည်၊ ခဏသမ္မသန၊ နည်းမည်၏၊ ဥပါဒ်၊ဌီ၊ဘင်ဟူသော ခဏတ္တယကို၊ တခဏဟုယူ၍၊ အ တိတ်ခဏ၌ ဖြစ်သော ရုပ်နာမ်သည် ပစ္စုပ္ပန်ခဏသို့ မ ရောက်ဘဲ၊ ချုပ်ပျောက်ခြင်းသည်၊ အနိစ္စသဘောကြောင့်၊ အတီတဘဝင်စိတ်သည် ဘဝင်စလနသို့ မရောက်ဘဲ၊ ချုပ်

ပျောက်ခြင်းသဘောကြောင့် အနိစ္စ စသည့်ဖြင့်ရင်း၊ ရုပ် ဝိထိ နာမ်ဝိထိ အစဉ်ကိုကြည့်၍ ပွားများရာ၏၊

ပါရမီရှင်ယောဂီများ...... ဘုရား.....၊

ခဏသမ္မသနနည်းကို၊ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတဘုရား ရှင်မှတပါး၊ အခြားပုဂ္ဂိုလ်တို့ ဉာဏ်တွင် ထင်မြင်နိုင်ရန် ခဲယဉ်းသည်ဟု ဗုဒ္ဓ၏ ဉာဏ်ဝယ် ထင်သည်ဟု ပညာရှိ များ သတ်မှတ်တော်မူကြတယ်၊

သဘောပေါက်ကြရဲ့လား......

မှန်ပါဘုရား.....၊

ကိုင်း - သမ္မသနဉာဏ်ကို တိုတိုထုတ်ထုတ်မှတ်ထား ကြတို့၊

## (၂) ဥဒယဗ္ဗယဉာဏ် ဆက်လက်ဟောကြားခန်း

ပါရမီရှင်ယောဂီများ....ဘုရား......၊

တေဘူမကသင်္ခါရေသု၊ ပဿတောဥဒယဗ္ဗယံ၊

ဥဒယဗ္ဗယနာမံဉာဏံ၊ ဇာတံ ဒုတိယယောဂိနော၊ ၊

တေဘူမကသင်္ခါရေသု၊ ကာမရူပ အရူပတွင် ပါဝင် ကြတောင်း၊ သင်္ခါရ၊ အပေါင်း၌၊ ဥဒယဗ္ဗယံ၊ ဖျက်လျှင် ချက်ခြင်း ပျက်ပုံအခင်းကို၊ ပဿတော ဒုတ်ခြစ် ရေ တက် မိုးစီးရေပွက်နှင့် အစ်ဆက်မုံညင်း နေထွက်နှင်းသို့ မယွင်းပုံပြ၊ အဘန်ဘန်ဉာဏ်ဖြင့် ရှုလျက်နေသော၊ ဒုတိ ယယောဂိနော၊ ဒုတိယဆင့် ဉာဏ်ကုန်လွှင့်၍ အသင့်ကြီး

ကုတ် အားထုတ်သော၊ သမ္မဝါယမယောဂီပုဂ္ဂိုလ်၏၊ ဥဒယဗ္ဗယနုပဿနာဉာဏ်၊ ဥဒယဗ္ဗယအမည်ရသည့်သင်္ခါရတွင် ဉာဏ်ရောင်အလင်းသည်၊ ဓာတ်၊ ဒုက္ခခင်သိမ်း ဝင့်ဓာတ် ငြိမ်းဘို့ ကိန်းအားလျော်စွာ ဖြစ်ပေါ် လာပေသတည်း။

သာဓု......သာဓု....သာဓု

ပါရမီရှင်ယောဂီများ......

သူရား......။

ဥဒယ၊ အဖြစ်၊ ဝယ၊ အပျက်၊ ဝယန္တ ၈ ကို ခွေးဘော်ပြု ၀၂-လုံးကို၊ ဗ၂-လုံးပြု၍၊ ဥဒယဗ္ဗယဟုဖြစ်တယ်၊ သမ္မာသန ဉာဏ် ရင့်သန်ပြီးနောက်၊ ဉာဏ်ဖြင့် တိုးတက်အားထုတ် သည့်အခါ၊ ဥဒယဗ္ဗယဉာဏ်ဟု ဖြစ်ပေါ်လာ၏၊ နာမ်၊ ရုပ်တို့သည်၊ မဖြစ်ခင်က အဆင်သင့် ဖြစ်ဘို့ရာ စုဆောင်း သိမ်းဆည်းပြီးလည်းမရှိ၊ ချုပ်သည့် အခါလည်း အရပ် တပါးသို့ ရောက်သွား၍ စုပုံနေသည်လည်းမဟုတ် (ဥပ မာ) စောင်းကြိုး၊ စောင်းခွက်နှ၊ တီးခြင်း အမျိုးမျိုးကိုစွဲ၍ ယုတ်ခနဲ စောင်းသံပေါ်လာပြီးနောက်၊ အတီးရပ်သည် နှင့်တပြိုင်နက်၊ အသံတိတ်ဆိတ်ပုံကဲ့သို့ ထို့အတူ ရုပ်၊ နာမ်တရားလည်း ဆိုင်ရာအကြောင်းကြောင့်ယုတ်ခနဲဖြစ် ပြီးနောက်၊ မကြာခင် ချုပ်ပျောက်ကြကုန်၏၊ ထို့ကြောင့် ဖြစ်နေသော ရုပ် နာမ်၌၊ အဟောင်းမရှိ၊ အသစ် ချည်း သာဖြစ်ကြလေသည်၊

ပါရမီရှင်ယောဂီများ....

ဘုရား....။

အနုပ္ပန္နာ ဥပ္ပန္နဋ္ဌိတိ၊ ဥပ္ပန္နာပိနိ ရုဇ္ဈရေ၊

နိဗ္ဗာနဝါဝ သင်္ခါရာ၊ ဝိဏာသသန္တသမ္ဘုပမာ။ ။

သင်္ခါရာ၊ ရုပ်နာမ် နှစ်ပါး သင်္ခါရ တရားတို့သည်။; အနုပ္ပန္နာဝ၊ ရဆောင်း ထိမ်းဆည်းဖြစ်ပြီး မဟုတ်ကုန်ဘဲ သာလျှင်။ ဥပ္ပန္နဋ္ဌိတိ၊ အကြောင်းကိုစွဲ၍ ယုတ်ခနဲ့ဖြစ်ပေါ် လာကြကုန်၏။ ဥပ္ပန္နာပိ၊ အကြောင်း အားလျော်စွာ ဖြစ် ပေါ်လာကုန်ပြီး၍လည်း။ နိရုဇ္ဈရေ၊ ချက်တပြုတ်ယုတ်တ ရက်ချုပ်ပျက်ကြလေကုန်၏။ နိဗ္ဗာနဝါဝ၊ ခဏမစဲ၊ အမြဲဖြစ် ပျက် အသစ်စက်စက်တို့သာလျှင်တည်း။ ဝိဏာသန္တသမ္ဘူ ပမာ၊ စောင်းကြိုး စောင်းခွက် တီးမှုတ် ထွက်ကြောင့် ပေါ်ထွက် ပျောက်ပျက် ဟန် စောင်းသံနှင့် တူလေကုန်စွ တကား။

သာဓု.....သာဓု......သာဓု

ပါရမီရှင်ယောဂီများ......

ဘုရား......။

ကိုင်း....လိုက်ရွတ်ဆိုကြ။

မှန်ပါဘုရား။

(၁) အဝိဇ္ဇာတဏှာ ကံ အာဟာ၊ မှန်စွာ ရုပ်ဖြစ် ကြောင်း။

(၂) အဝိဇ္ဇာတဏှာ ကံဖဿ၊ ဒွိလေးဝ မှန်စွာနာမ် ဖြစ်ကြောင်း။

ပါရမီရှင်ယောဂီများ....

သုရား......။

နားရှင်းကြသလား......

မှန်ပါဘုရား။....။

ရုပ် ၂၈-ပါးတို့တွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဒီလေးပါးက မဟာဘုတ်လေးပါးလို့ ခေါ်တယ်။ ကြွင်းသော ၂၄-ပါးသော ရုပ်ကို ဥပါဒါရုပ်ဟု ခေါ်တယ်။ အေး ဒီဥပါဒါရုပ်၏ အာရုံက တဏှာဖြစ်တယ်။ တဏှာ၏အာရုံက လောကီကုသိုလ်ကံ၊ အကုသိုလ်ကံကို အာရုံပြုတယ်။

ပါရမီရှင်ယောဂီများ......

သုရား......။

ဗုဒ္ဓ၊ ကာလသုံးပါးဖြင့်ဟောကြားခဲ့တာက(၁)အတိတ်ကာလကအဝိဇ္ဇာနှင့်သင်္ခါရကို ဦးစားပေး၍ပြုလုပ်ကြတဲ့ ပစ္စုသင်္ခါရကြောင့် (ဝါ)ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ အနေဉ္ဇာဘိသင်္ခါရ၊ သုံးပါးကိုလွန်စွာပြုလုပ်တဲ့ အတွက်၊အနာဂါတ်ကာလကြတော့ ဇာတိ၊ ဇရာ၊ မရဏာစတဲ့ပဋိကန္ဓေနေခြင်း အိုခြင်း၊ နာခြင်း၊သေခြင်းတရားတွေ ဖြစ်လာရပါတယ်။ ဒီတရားတွေကြောင့်ယခုမျက်မှောက် ပစ္စုပ္ပန်ကာလမှာ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဖြစ်ကြ ရပြန်ပါဘယ်။

အဝိဇ္ဇာ ရှိခြင်းကြောင့် ရုပ်၊ နာမ် ဖြစ်ရသည်။ ဤ အဝိဇ္ဇာကို အဖြစ်ကင်းတဲ့ဉာဏ်ဖြင့်၊ ငြိမ်းနေတဲ့ဉာဏ်ဖြင့် အကြွင်းမဲ့ သတ်နိုင်လျှင် ဤရုပ်နာမ်ဖြစ်တော့မည်မဟုတ်၊ ရုပ်နာမ်၏ အဖြစ်ကင်းရာကို မြင်သော ဉာဏ်စသည်ဖြင့် အဘန်ဘန် ဉာဏ်ဖြင့် ထင်ခြင်း၌ ဖြစ်သည့်အခါ၊ ဖြစ်မှု-ပျက်မှုဟူသော ဥဒယဗ္ဗယလက္ခဏာ လွန်စွာ ဉာဏ်ဝယ် ထင်လာမည်။ ထိုကဲ့သို့ အလွန့်အလွန်ထင်လာလျှင်၊ ဥပါဒ်ခဏ ဘင်ခဏ အားဖြင့်လည်း ထင်ရှားတော့လတ္တံ့၊ ခဏအားဖြင့် ထင်ရှားအောင် (တမင် အားထုတ်ဘွယ်မလို) ဥပမာ-ရေကိုဒုတ်ဖြင့် ရေးခြစ်သည့်အခါ၊ ရှေ့ကခြစ်-နောက်ကပျက်လိုက်သကဲ့သို့၊ ထို့အတူ ရုပ်နာမ်တရားများလည်း ဖြစ်ပြီးလျှင် ပျက်ခြင်းပျက်တော့၏။ ရေအိုင်၌၊ မိုးရွာ၍ အုပေါင်းပွက် ကလေးများဖြစ်ရာ၌၊ ဖြစ်လျှင်ပျက်သကဲ့သို့၎င်း၊ အပ်နဖါးကို တွင်းသော ပူးများပေါ်၌ မုန်ညင်းစေ့ကိုတင်လျှင် တင်သည်နှင့်တပြိုင်နက် လိမ့်ကျသကဲ့သို့၎င်း၊ ရုပ်နာမ်တို့သည်၊ ခုဖြစ်-ခုပျက် ပါတကားဟုအဖြစ် အပျက်ကို ခဏအားဖြင့် ထင်ရှားအောင် ဥဒယဗ္ဗယဉာဏ် ယောဂီများသန္တာန်ဝယ် ပေါ်လာလေသည်။

ထိုအခါ ဩဘာသစသော ၁၀-ပါးကို ပိုင်းခြားတတ်သောဉာဏ်ဖြစ်လာ၏၊ ထိုဉာဏ်သည် သာမန်သိရုံမျှသာမဟုတ်၊ မဂ္ဂ၊ အမဂ္ဂ ကိုမျက်စိဖြင့် ကြည့်ရသလို၊ သိမြင်တတ်သောကြောင့်၊ ဒဿနလည်း မည်၏။

ပါရမီရှင်ယောဂီများ။

ဒါကြောင့် - ပထမံ ဒဿနမ္မေန သောတာပတ္တိမဂ္ဂေါ၊ လို့ရို့ ဘုရား မဟောခဲ့ဘူးလား။

ဟောခဲ့ပါတယ်ဘုရား။

သောတာပတ္တိ မဂ်ဉာဏ်ဖြင့် မြင်အပ်တဲ့ နိဗ္ဗာန်ဟာ ဘိမြင်ရမဲ့ တရားလို့ လိုရင်းထားပြီး ဒဿနလည်းမည် တယ်။ ဝိပဿနူပက္ကိလေသတို့မှ စင်ကြယ်သောကြောင့် ဝိသုဒ္ဓိလည်းမည်တယ်၊ ထို့ကြောင့် မဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဟု ခေါ်သည်၊ ဤမျှလောက်သော ဝိပဿနာအစဉ် ဖြင့်၊ ဥဒယဗ္ဗယ အဆုံး မသတ်သေးဘူး။ ဖြစ်ပျက်ဖြစ်တဲ့ ဩဘာသစသည်တို့၏ နှောက်ယှက် မှုကြောင့် အဆုံးမ သတ်ခင် လမ်းခုလပ်မှာပင် ဝိပဿနာအစဉ်ရပ်နေသည်။ ထို့ကြောင့်သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်း ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနယ်ဟု မှတ်ကြပါ။

## ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ။

ပရိဗန္ဓတိ၊ ဝိပဿနာ အစဉ်ကို နှောင့်ယှက် ဖျက်ဆီး တတ်ကုန်၏၊ ဣတိ၊ ထို့ကြောင့်၊ ပရိဗန္ဓာ၊ ပရိဗန္ဓတို့ မည်၏ ဟူသည်နှင့်အညီ၊ ဝိပဿနာစိတ်အစဉ်ကိုနှောင့်ယှက် ဖျက်ဆီးတတ်သော၊ ဝိပဿနာပက္ကိလေသ တရားကို၊ ပရိ ဗန္ဓဟုခေါ်၏၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဖြင့်၊ ထိုပရိဗန် ဘေးရန်မှ လွတ်ခဲ့သော၊ သုခပဋိပဒါယောဂီကို၊ ပရိဗန္ဓ

ဝိမုတ္တိဟု ခေါ်သည်။ ဥဒယဗ္ဗယဉာဏတောပဋ္ဌာယ၊ ရှေ့ကဥဒယဗ္ဗယဉာဏ် ဖြစ်ခဲ့သည့်ရှိသော်လည်း ဝိပဿနူပက္ကိလေသတို့၏ နှောက်ယှက်မှုကြောင့်၊ အနိစ္စစသော လက္ခဏာသုံးပါးတို့ ကောင်းကောင်း မထင်ရှားသေး။ ထို့ကြောင့် ဥပက္ကိလေသတို့မှ လွတ်ပြီးသည့်အခါ၊ ထိုလက္ခဏာသုံးပါး အလွန်ထင်ရှားအောင်ဥဒယဗ္ဗယဉာဏ်တို့ကို ထပ်၍လေ့လာရပြန်သည်။ ထိုဥဒယဗ္ဗယ ဉာဏ်မှစ၍ဘင်္ဂဉာဏ်-ဘယဉာဏ် စသော ဉာဏ်အစဉ် အတိုင်း၊ လောမဉာဏ် ရောက်သည့် အခါကျမှ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနယ် ဆုံးသည်မှတ်။

သုခံ ပဋိပန္နတ္တာ ဧတာတိ သုခပဋိပဒါ။

ဧတာယ၊ ဤဉာဏ်အမြင်ဖြင့်၊ သုခံ၊ ချမ်းသာစွာ၊ ပဋိပန္နတ္တာ၊ မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင် ဖြစ်ကြရကုန်၏၊ ဣတိ ထို့ကြောင့်၊ သုခပဋိပဒါ၊ သုခပဋိပဒါမည်၏။

ပါရမီရှင်ယောဂီများ....

ဘုရား.....။

## အဓိပ္ပါယ်ရှင်းလင်းချက်

၁။ မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင် အလျင် ဖြစ်သောကြောင့် ပဋိပဒါဟုရင်း။

၂။ ချမ်းသာစွာ ပယောဂလုံ့လ မပါသောကြောင့် သုခဟုရင်း။

၃။ တေဘူမက သင်္ခါရကို အနိစ္စ-ဒုက္ခ-အနတ္တဟု သိတတ်သောကြောင့် ဉာတဟု၎င်း။

၄။ သာမန်အကျိုးမဟုတ် မျက်စိဖြင့် မြင်ရသလို သိမြင်တတ်သောကြောင့် ဒဿနဟု၎င်း။

၅။ ဆန့်ကျင်ဘက် ကိလေသာတို့မှ ဝေးသည်ထက်ဝေးကွာ၍၊ လွန်စွာ စင်ကြယ်သောကြောင့်၊ ဝိသုဒ္ဓိဟု ယနေ့ တရားနာကြတဲ့ မဟာသုခ ပဋိပဒါရှိသော ယောဂီများဉာဏ်၌ သိထားကြ။

## (၃) ဘင်္ဂဉာဏ်ခန်းကိုဆက်လက်ဟောတော်မူ၏

သင်္ခါရာမေပုဗ္ဗုဋ္ဌေဝ၊ ဘိဇ္ဇရေဘိဇ္ဇရေခဏံ၊
ပဿတောစံ ဘင်္ဂဉာဏံ၊ ဇာတံ တတိယယောဂိ
နော၊ ။

ဣမေသင်္ခါရာ၊ ဤရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့သည် ပုဗ္ဗုဋ္ဌေဝ၊ ရေအိုင်အထက် မိုးရေပွက်တို့ အပျက်လျှင်မြန်ပုံ အလူးသာလျှင်၊ ခဏံ၊ ယုတ်တရက်မျှ တခဏခြင်း ဘိဇ္ဇရေ၊ ဘိဇ္ဇရေ၊ အဆက်မပြတ် တပျက်ထည်း ပျက်တတ်ကုန်စွတကား၊ ဧဝံပဿတော၊ ဤသို့လျှင် အပျက်မြင်အောင် ဉာဏ်ဆင်ခြင်ပွားများလျက်နေသော တတိယယောဂိနော၊ တတိယအဆင့်ဉာဏ်ကုန်လွှင့်၍အဆင့်ကျိုးကုတ်အားထုတ်သော ယောဂီ၏ ဘင်္ဂဉာဏံ၊ အဖြစ်တွေ့ပျောက် အပျက်ရောက်မျှ ပျက်မှောက်ဖြစ်ဟန် ဘင်

ဉာဏ်သည်။ ဖာတံ၊ ဒုက္ခခပ်သိမ်း ဝင့်ဖာတ် ငြိမ်းတိုး ကိန်းအားသျှော်စွာ ဖြစ်ပေါ်၍ လာပေသတည်း။

သာဓု......သာဓု......သာဓု

## အဓိပ္ပါယ်ရှင်းလင်းချက်

ဥဒယဗ္ဗယဉာဏ်ဖြင့် ရုပ်နာမ်၏ အဖြစ်အပျက်နှစ်မျိုးလုံးကို ထင်ရှားအောင် ဉာဏ်ဖြင့်ရှု၍ အလွန်ထင်နေသည့်အခါ၊ အဖြစ်အပျက်တို့က အလွန် လျှင်မြန်ရကား၊ သုခမဋိပဒါ ယောဂါဝစရပုဂ္ဂိုလ်သည်၊ အဖြစ်ကို အာရုံမပြုနိုင် မရှုမိတော့ဘဲ၊ အပျက်တို့က အပျက်ကိုချည်းသာ ဉာဏ်ဝယ်မြင်ထေတော့၏။ ဥပမာ-ရေအိုင်တွင် မိုးသည်းရွာ၍ ရေအရပေါင်းပွက်ကလေးများကို ကြည့်ရှုရာ ဖြစ်ပြီးသည့်နှင့် တပြိုင်နက်၊ အပျက်ကမြန်လွန်းရကား၊ အဖြစ်ကိုမမြင်လိုက်ရဘဲ၊ အပျက်ကိုသာ မြင်ရတော့သကဲ့သို့တည်း။ ပစ္စုပ္ပန် ရုပ်နာမ်များ၏ အပျက်ဘင်္ဂကို ကျကျနန ဉာဏ်ဝယ်မြင်နိုင်သည့်အခါ၊ အတိတ်၊ အနာဂါတ်၊ ရုပ် နာမ်များကို မှန်းဆ၍ အာရုံပြုလိုက်သည်ရှိသော်၊ အပျက်ဆင်ကိုသာ အာရုံပြုမိလျက်သား ဖြစ်နေတော့၏။ သင်္ခါရတခုခု၏ ဘင်ကိုသာ အာရုံပြုသော ဘင်ဉာဏ်၏ ဘင်ကိုပင် နောက်ထပ်ဆက်၍၊ ဉာဏ်တခုက အာရုံ ပြုနိုင်သောအခါ၊ ဘင်ဉာဏ်အထွဋ်အထိပ်သို့ ရောက်ပြီ။

ကိုင်း-လိုက်ရွတ်ဆိုကြ။

၁။ ရုပ်နာမ်နှစ်ဝ သင်္ခါရ၊ ဥာဏ်နှင့် သိ မြင် သူ တော်စဉ်၊

၂။ ရုပ် နာမ် နှစ်ဝ အနိစ္စ၊ ဥာဏ်နှင့်သိမြင် သူတော် စဉ်၊

၃။ ရုပ် နာမ် နှစ်ဝ များဒုက္ခ၊ ဉာဏ်နှင့် သိ မြင် သူ တော်စဉ်၊

၄။ ရုပ် နာမ် နှစ်ဝ အနတ္တ၊ ဉာဏ်နှင့်သိမြင်သူတော် စဉ်၊

၅။ ရုပ် နာမ် နှစ်ဝ အသုဘ၊ ဉာဏ်နှင့်သိမြင် သူတော် စဉ်၊

ပါရမီရှင်ယောဂီများ......

ဘုရား....။

မဂ်ဝင် ဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုကြတဲ့ သူတော်ကောင်းတွေ ဖြစ်မသွားကြဘူးလား။

မှန်လှပါ၊ ဖြစ်သွားကြောင်းပါဘုရား။

## (၄) ဘယဉာဏ်ခဏ်း ဆက်လက်ဟောတော်မူ၏

နိရုဒ္ဓါတိ တသင်္ခါရာ၊ ပစ္စုပ္ပန္နာဝဘိဇ္ဇရေ၊
အနာဂတာ ဘိဇ္ဇိဿန္တိ၊ သဗ္ဗေပိ ဘာယိ တဗ္ဗကာ။ ။

အတိတသင်္ခါရာ၊ အတိတ်ဘဝ ဇော့ကာလ၌ ဖြစ်ကြ အများသင်္ခါရတရားတို့သည်၊ နိရုဒ္ဓါ၊ ငါ၏ သန္တာန်အဖန် ဖန်ဖြင့် မှန်မှန်ပျက်ပြုန်း ကုန်ဆုံးကြလေပြီ၊ ပစ္စုပ္ပန္နာဝ၊ ယခု

လက်ငင်း ပက်ပင်းတွေ့ကြုံ အဖုံဖုံပွား သင်္ခါရ တရားတို့သည်လည်း၊ ဘိဇ္ဇရေ၊ နှမ်းအိုးကင်းထက်နှမ်းတွေကျက်သို့ ယုတ်တရက်အနေ ချုပ်ပျက် ကြလေကုန်၏၊ အနာဂတ၊ နောက်နောက်ဘဝ နောက်ကာလ၌ ဖြစ်ကြရန်သင့် အဆင့်ဆင့် ပွား သင်္ခါရ တရားတို့ သည် လည်း၊ ဘိဇ္ဇိသသဍ္ဍိ၊ သည့်ပုတ်ထဲက သည်ဆန်အနေ ချုပ်ပျက်ရကုန်လတ္တံ့၊ သဗ္ဗေပိ၊ ယခုရှေ့နောက် ငါတံ ရောက်လျက် ချုပ်ပျက်ပျောက်ပြုန်း ရုပ်နာမ် အားလုံးတို့သည်ပင် ဘာယိထဗ္ဗကာ၊ ကြောက်ဘွယ်ခမန်း ဘေးကြမ်းတို့ချည်းပါတကား။

သာဓု ...သာဓု...သာဓု

## အဓိပ္ပါယ်ရှင်းလင်းချက်

ဘယညာဏ် မကြောက်တတ်၊ ဘယညာဏ် ဖြစ်သော သုခပဋိပဒါယောဂီသည် ကြောက်သလောဟု မေးဘွယ်ရှိ၏။ အဖြေကား - ကြောက်တတ်သော သဘောမှာ ဒေါသဇာတည်း၊ ထို့ကြောင့် မဟာကုသိုလ်၌ ယှဉ်လျက်ဖြစ်သော ဘယညာဏ်သည် မကြောက်ပါ၊ ယောဂီကလည်း မကြောက်ပါ၊ သို့သော် တေဘူမက သင်္ခါရတရားတွေကို ကြောက်ဘွယ်ကောင်းသော တရားတွေပါတကားဟု ညာဏ်ဖြင့် ရှုတတ်သောကြောင့် ဘယညာဏ်ဟု ခေါ်ဆိုပါသည်။

ဥပမာ- အသက်ရှည်ကြာချမ်းသာကိုလိုလား၍ ဆေးကိုများစွာကြောက်တတ်သောသူသည် ခြင်္သေ့, သစ်ကျားသားရဲများသော တောအရပ်ကိုပင် မြင်လျှင် ကြောက်တတ်ရာ အရပ်ဟု ထင်မှတ်သကဲ့သို့ ဘင်္ဂဉာဏ်ဖြင့် ရုပ်နာမ်၏အပျက်တွေကို မြင်ပြီးရကား ဤရုပ်နာမ်တို့သည် ရှေ့ရှေ့ဘဝ၌၎င်း၊ ယခုဘဝ ရှေ့ကာလ၌၎င်း ပျက်ခဲ့ဘူပြီ၊ ယခုလည်း နှမ်းအိုးကင်း၌ နှမ်းစေ့တွေ တဖျစ်ဖျစ်နေသလို တပျက်သည်းပျက်လျက်ပင်၊ နောက်နောက်ကာလ နောက်ဘဝ၌လည်း သည်ပုံတည်းက သည့်ဆန်ဆိုသလို ဘောန် ပျက်ရအုံးမည်၊ ဤရုပ်နာမ် တွေသည် ကြောက်စရာတွေပါတကားဟု ထင်မြင်သော ဘယဉာဏ်တွေဖြစ်ပေါ်လာလေသည်။

ဥပမာ- ကစားသောကလေးများမှာဒုက္ခရောက်ရ၏၊ ထိုကလေးမိုက်ကို လူကြီးတွေက မကြောက်၊ သို့သော် ကြောက်စရာကောင်းကလေးဟု ထင်မှတ်သကဲ့သို့တည်း။

ပါရမီရှင်ယောဂီများ။

ဘုရား။

ရှင်းရှင်းလင်းလင်း မိမိတို့ဉာဏ်ဝယ် ပိုင်ကြရဲ့လား။
မှန်လှပါ- ပိုင်ကြောင်းပါဘုရား။

## (၅)(၆)(၇) အာဒိနဝ၊နိဗ္ဗိဒါ၊မုစ္စိတုကမျတာဉာဏ်သုံးပါးကို ဆက်လက် ဟောကြားတော်မူခန်း

ပါဠိမြီရှင်ယောဂီများ၊

ဘုရား၊

ဘယတောပဋ္ဌာနေနေဝ၊ အာဒိနဝ°ဝဇ္ဈာနုတော၊.
နိဗ္ဗိန္ဒနာဘောသင်္ခါရေသု၊ ဇာတာမုစ္စိတုကမျတာ။ ။

သင်္ခါရေသု၊ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့၌၊ဘယတောပဋ္ဌာနေနေဝ၊ ကြောက်ဘွယ်ခမန်း ဘေးကြမ်းဟုစေ့ငုဆင်ခြင် ထင်မြင်နေခြင်းကြောင့်သာလျှင်၊ အာဒိနဝ°၊ ပြောချွမ်ကုန် ဖြစ်မျိုးစုံကို၊ ဇာနုတောစ၊ သိမြင်သောဉာဏ် ထက်သန်သည်လည်းဖြစ်ပေထသော၊နိဗ္ဗိန္ဒတောစ၊ ညီးငွေ့သောဉာဏ် ထက်သန်သည်လည်း ဖြစ်ထသောယောဂါိနော၊ ၅-ကြိမ်၊ ၆-ကြိမ် ဉာဏ်ဝရဇိန်ဖြင့် အရှိန်ထက်မြက် ဆက်လက်ကြိုးကုတ် သုခပဋိပဒါ ပုဂ္ဂိုလ်၏၊မုစ္စိတုကမျတာ၊ သင်္ခါရစက် သံသရာအကျဉ်းမှ လွန်ထွက်လိုဟန် ထက်မြက်သောဉာဏ်သည်၊ ဇာတာ၊ဒုက္ခခပ်သိမ်းဝဋ်ဇာတ်ငြိမ်းဘို့ ကိန်းအားလျော်စွာ ဖြစ်ပေါ်၍ လာပေသတည်း။

သာရ - ဿာရ - သာဓု

## အဓိပ္ပါယ်ရှင်းလင်းချက်

ရုပ်နာမ်ဝမ္ဘ သင်္ခါရတို့၌၊ ကြောက်မက်ဘွယ် ဘေးကြီးပါတကားဟု ဘယဉာဏ် ပေါ်လာသည့်အခါ၊ ထို

သင်္ခါရတို့၌၊ အဖြစ်မြင်သော အာဒီနဝ ဉာဏ်လည်း ပေါ်လာတော့မည့် အဖြစ်မြင်လျှင်၊ ထိုသင်္ခါရတို့၌ မပျော်နိုင်တော့ဘဲ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်လည်း ဆက်လက်ဖြစ်ပေါ်လာတော့မည်သာ၊ ဤဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ ဉာဏ်သုံးသည် ဖြစ်ကာစ၌ ဉာဏ်မြင်ပုံကွဲပြားသော်လည်း အသားကျသည့်အခါ၊ ဉာဏ်တခုတည်း၌ပင်၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ သဘောရှိနိုင်လေသည်။ ထိုကဲ့သို့ ငြီးငွေ့လာလျှင်၊ ဥပမာ - ပိုက်ကွန်တွင်မိသောငါးသည် ပိုက်ကွန်မှ လွတ်ထွက် လိုသကဲ့သို့ ထိုသင်္ခါရဘောမှ လွတ်မြောက်လိုသော မုဉ္စိတုကမျတာ ဉာဏ်သည်လည်း ဖြစ်တော့လတ္တံ့။

ပါရမီရှင်ယောဂီများ။

ဘုရား။

ကိုင်း - လိုက်ရွတ်ဆိုကြ။

၁။ ချမ်းသည့်အေးသည်၊ ဆင်ခြင်မှ၊ ယိုးမည်ဖွဲ့၍ နှင်ပျင်းသည်။

၂။ ပူသည့်အိုက်သည်၊ ဆင်ခြင်မှ၊ ယိုးမည်ဖွဲ့၍၊ နှင်ပျင်းသည်၊

၃။ အချိန်လွန်ပြီ ဗိုက်ဆာလှပြီ၊ ယိုးမည်ဖွဲ့၍၊ နှင်ပျင်းသည်။

၄။ စောလှသည့်တောင်း၊ စောသည့်ကြောင်း၊ စောကြောင်းဖွဲ့၍ နှင်ပျင်းသည်။

၅၊ ဆာဒေဝါင်ဟွာသည် ဝမ်းဟာသည်၊ ယိုးမည်ဖွဲ့၍ နင်ပျင်းသည်၊

၆၊ ဝမ်းပြည့်တင်းသည် ယစ်လွန်သည်၊ယိုးမည်ဖွဲ့၍ နင်ပျင်းသည်၊

၇၊ အပျင်းခြောက်ပါး၊ လတ်ခံထား၊ တရားကွယ်ပ. နင့်သိမည်၊

ပါရမီရှင်ယောဂီများ၊

ဘုရား၊

ဟား- ဟား- ဟား- အပျင်းခြောက်ပါး၊ ဥက္ကာပိုင်ကြ ပြီလို့လား၊

မှန်လှပါဘုရား၊

## (၈) ပဋိသန္ဓိဥက္ကာခဏ်း ဆက်လက် ဟောကြားတော်မူ၏။

ပါရမီရှင်ယောဂီများ-

ဘုရား၊

ပဋိ-ဆိုဒါ- တဇန်-သန္ဓိ- ဆိုဒါက၊ ရှုမြင်တတ်သော ဥက္ကာ၊ ပေါင်းကြည့်လိုက်တော့ခါ၊ သန္ဓိရတ်၌ အနိစ္စ ဒုက္ခ-အနတ္တာဟု၊ ထပ်မံ မြင်သော ဥက္ကာသည်၊ ပဋိသန္ဓိ ဥက္ကာမည်၏။ ဗုဒ္ဓါတုကမ္မတာဥက္ကာဖြင့်၊ သန္ဓိရတ်မှ၊

လွတ်မြောက်ရုံသာရှိသေး၏၊ တကယ်မလွတ်နိုင်သေး၊ ဤပဋိသင်္ခါဉာဏ်ဖြင့်၊ သင်္ခါရတို့ကို စွန့်လွတ်တော့မည် သို့သော် စွန့်လွှတ်ခါနီး၌ ယုတ်ခနဲမလွတ်လိုက်သေးဘဲ၊ ကြစ်ကြပ်နှံ့နာအောင်-နိစ္စ-သုခ-အတ္တ-ဟု-နောက်ခါ မစွဲထန်းနိုင်အောင် တဖန်ထပ်၍ အနိစ္စ ဒုက္ခအနတ္တဟု ဉာဏ်အမြင်တဖန်ဆင်ခြင်ရန် ပြန်လာသည့် ( ဥပမာ ) တံငါသည်တယောက် ငါးဘမ်းရာဝယ် ရှည်မျှားသော၊ အကောင်ကြီးကို၊ ရေကဲ၌ လည်စေ့ဆုပ်မိရာ အင်မတန် ငါးမြွေကြီးကို ဘမ်းမိပြီဟု ရွှင်လန်းအားရလျက် ရေမှ ဖေါ်ထုတ် လေလျှင် မြွေးဆိုး၏ အမှတ် လက္ခဏာဖြစ်သော၊ လည်ရေသုံးဆင့်ကို မြင်လေသော်၊ ကြောက်ရွံ့လျက် စိတ်ပျက်ပျက်နှင့် လွှတ်ဖြစ်လိုပါသော်လည်း၊ အလွှတ်တွင် မိမိလက်ကို ကိုက်သွားမည်စိုးသောကြောင့်၊ ယုတ်တရက်မလွှတ်သေးဘဲ ခြားခြားလည်ငံ့အောင် ရစ်ပတ်၍ အတော်နှံ့နာမှ၊ လွှတ်ဖြစ်လိုက်ရသကဲ့သို့၊ ထို့အတူ၊ သင်္ခါရ-ရုပ်-နာမ်တို့ကို ပင်ကိုယ်က၊ တွေ့မြင်ရသိအခါကြမှ၊ ဘယ အာဒီနဝ နိဗ္ဗိဒါ မုစ္စိတု ကမျှတ ဉာဏ်တို့ အစဉ်အတိုင်း ဖြစ်ပြီးလျှင်, ယခုအခါ စွန့်ပစ်ဘို့ရာ အနိစ္စ စသောလက္ခဏာ များကို၊ ထပ်မံရှုရ၊ ဉာဏ်ဖြင့် ကြည့်ရှုရပြန်သည်။

ပါဠိရှင် ယောဂီများ။

ဘုရား။

ကိုင်း - လိုက်ရွတ်ဆိုကြ။

၁။ ကိစ္စပေါ်လာ၊ သုံးသိက္ခာ၊ ပယ်ခွါမိသဲ့သဲ့။

၂။ ကိစ္စပြီးပြန်၊ မဂ္ဂင်ကံ၊ ကျင့်ရန်ရှိသဲ့သဲ့။

၃။ ခရီးသွားထွက်၊ မဂ်လမ်းပျက်၊ ပေါ်ထွက်ရှိသဲ့သဲ့။

၄။ ခရီးကပြန်၊ စိတ်မသန်၊ မဂ်ဉာဏ်ရှိသဲ့သဲ့။

၅။ ပစ္စည်းခုရန်၊ ရှိနုပြန်၊ မိဿာန်ရှိသဲ့သဲ့။

၆။ ပစ္စည်းတန်တန်၊ ရပြီးပြန်၊ မဂ်ဉာဏ်ရှိသဲ့သဲ့။

၇။ ရောဂါ အတွက်။ မဂ် လမ်း ပျက်၊ ယွင်း ကွ
ရှိသဲ့သဲ့။

၈။ ရောဂါကင်းပြန်၊ အားမသန်၊ မဂ်ဉာဏ်ရှိသဲ့သဲ့။

၉။ အရိ ၈-ပါး၊ လက်ခံထား၊ တရားကင်းမည်တဲ့။

ပါရမီရှင်ယောဂီများ......

ဘုရား......။

ရှိသဲ့သဲ့နှင့်မပြုလုပ်ကြနှင့်—ကြားကြရဲ့လား။

ဟား-ဟား-ဟား-ကြားပါတယ်ဘုရား။

## (၉) သင်္ခါရုပေက္ခာဉာဏ်ခန်း ဆက်လက် ဟောကြားတော်မူ၏

ရုပ္ပတုံကာမတာယေဝ၊ ပဋိသင်္ခါယဇာနတော၊
သင်္ခါရုပေက္ခာ နာမံ၊ ဉာဏံ ဇာတံ နဝမံ ယောဂိ
နော၊ ။

မုစ္စိတုကမျတာ၊ သင်္ခါရခပင်း ထွက်မြောက်ခြင်းငှါ၊ ကာမ တောယေဝ၊ မြောက်လင့်ငံစား လိုလားခြင်းကြောင့်သော လျင်။ ပဋိသင်္ခါယ၊ အနိစ္စ,ဒုက္ခ,အနတ္တဟု ကြည့်ရှုတာဘန် ဆင်ခြင်သောဉာဏ်ဖြင့်။ ဓာနတော၊ အနိစ္စ,ဒုက္ခ,အနတ္တ ကင်းစင်သည်မြင့်လိုက်ရှိသော၊ နဝမယောဂီနော၊ နဝမအ ဆင့် ဉာဏ်ကုန်လွှင့်၍ အဆင့်ကြိုးကုတ် အားထုတ်သော သုခပဋိပဒါယောဂီပုဂ္ဂိုလ်၏၊ သင်္ခါရပေက္ခာနာမံဉာဏံ၊ အကြောက်မဘက် မနှစ်သက်ဘဲ၊ ပစ်စလက်ခတ်ဟု လစ် လျူရှုသောဉာဏ်သည်၊ ဓာတံ၊ ဒုက္ခခင်သိမ်း ဝဋ်ဓာတ် ငြိမ်းဘို့ ကိန်းအားလျော်စွာ ဖြစ်ပေါ်၍ လာပေသတည်း။

သာဓု......သာဓု....သာဓု

## အမိပ္ပါယ်ရှင်းလင်းချက်

ပဋိသင်္ခါရဉာဏ်ဖြင့် သင်္ခါရတို့ကို စွန့်လွှတ်လိုက်ပြီး နောက်၊ ဘယ၊ အာဒီနဝ စသည်မရှုတော့ဘဲ၊ လစ်လျူရှု နိုင်သောဉာဏ်သည်၊ သင်္ခါရပေက္ခာဉာဏ်မည်၏၊ ဉာဏ် ဖြင့်လစ်လျူရှုနိုင်သည်ဟု ဆိုသော်လည်း၊ လုံးလုံးအာရုံ မပြုဘဲ နေလို့မရ၊ နေလို့မဖြစ်၊ ဝိပဿနာဉာဏ် ဟူသမျှ သင်္ခါရရုပ်နာမ်ကိုပင် အာရုံပြုရ၏။ သို့သော် အာရုံပြု သည့်အခါ၊ သာယာ နှစ်သက်ခြင်းလည်းမရှိ၊ ကြောက် မက်ဘွယ်ဟုလည်း ဂရုမစိုက်ဘဲ လစ်လျူရှုကာ၊ အနိစ္စ,

ဒုက္ခ, အနတ္တဟု ဆင်ခြင်နေခြင်းသာဖြစ်သည်။ (ဥပမာ) မယားကို ချစ်ခင်သော ယောကျ်ားသည်၊ တပါးသူနှင့် ဖေါက်ပြားနေသည်ကို တွေ့မြင်၍ ထိုမယား၌ကြောက်ရွံ့ခြင်း၊ အပြစ်မြင်ခြင်းတို့နှင့် ရောနှောကာ၊ မကြာခင် ကွာရှင်းလိုက်၏၊ ထို့နောက် ထိုမယားကို ချစ်လည်းမချစ်၊ တပါးသူနှင့်ဖေါက်ပြားသည်ကို မြင်သော်လည်း၊ထူးခြား၍ အပြစ်မမြင်၊ ဘာဘဲဖြစ်ဖြစ်ဟု လစ်လျူရှုသကဲ့သို့တည်း။

ပါရမီရှင်ယောဂီများ......

ဘုရား......။

သဘောဉာဏ်ဝယ်ပိုင်ကြရဲ့လား။

မှန်လှပါဘုရား။

## (၁၀) အနုလောမဉာဏ်ခဏ်း ဆက်လက် ဟောကြားတော်မူ၏

သင်္ခါရာလီ နစိတ္တ္တိသာ၊ ဝိတသင်္ခါရ မေသတော၊ အနုလောမ နာမ ဉာဏံ၊ ဇာတံ ဒသမယောဂိနော။ ။

သင်္ခါရာ၊ ရုပ်နာမ် ၂-ပါး သင်္ခါရတရားမှ၊ လီန စိတ္တသာ၊ အာရုံမှုကို မပြုလိုသဖြင့် တွန့်ဘိုဆုတ်နစ်စိတ်ရှိ

သည့်ဖြစ်၍သာလျှင်၊ ဝိတသင်္ခါရံ၊ သင်္ခါရ ခပ်သိမ်းတို့ ဇာတ်ငြိမ်းရာမှန် အေးနိဗ္ဗာန်ကို၊ ငြေသတော၊ စွဲလမ်းနှစ်သက် ရှာကြံလျက်ရှိသော၊ ဒသမယောဂီနေ၊ ဒသမ အဆင့် ဉာဏ်ကုန်လွှင့်၍ အသင့်ကြိုးကုတ်အားထုတ်သော၊ မဟာ သုခပဋိပဒါ ယောဂီပုဂ္ဂိုလ်၏ အနုလောမညာဏ်၊ ရှေ့ နောက်လျော်ကန် အနုလောမမည်သောဉာဏ်သည်၊ ဇာ တံ၊ ဒုက္ခခပ်သိမ်း ဇင့်ဇာတ်ငြိမ်းတို့ ကိန်းအားလျော်စွာ ဖြစ်ပေါ်၍ လာပေသတည်း။

သာဓု...သာဓု...သာဓု

## အဓိပ္ပါယ်ရှင်းလင်းချက်

ဤအနုလောမဉာဏ်မှ တဆင့် တက်လျှင် မဂ်ဖိုလ် ရောက်တော့မည်၊ သို့အတွက် အထက် မဂ်ခဏ်းနှင့် ချလတ္တံ့သော ဗောဓိပက္ခိယတရားအားရင်း၊ ဥဒယဗ္ဗယ စသော အောက်ဉာဏ်(၆)ပါးအားရင်း၊ လျော်သင့်သော ကြောင့် ဤဉာဏ်ကို အနုလောမဉာဏ်ဟု ခေါ်သည်၊ အ ကျယ်အားဖြင့်ကား ဤအနုလောမဉာဏ်သည် ရှေ့ဉာဏ် များ၏ ဆိုင်ရာကိစ္စကိုပင်ပြု ကျေနပ်သကဲ့သို့ အနိစ္စ,ဒုက္ခ, အနတ္တဟုထပ်၍ ဉာဏ်ဝယ် ရှုဆင်ခြင်တုန်းပင် ဖြစ်၏၊ ထို့ကြောင့် ရှေ့ဉာဏ်(၆)ပါးနှင့် မဆန့်ကျင်၊ အလျော်ပင် ဖြစ်၏၊ ပင်ကိုယ်ရည်ရွယ်ရင်းက မဂ်ခဏ၌ ဗောဓိပက္ခိ

ယ တရားတို့ကို ရအောင် ရည်ရွယ်ခဲ့၏။ ထိုရည်ရွယ်ချက်အတိုင်း၊ ထိုတရားများကို ကြေနှံ့တော့မည်ဖြစ်၍၊ ထိုဗောဓိပက္ခိယ တရားအားလည်း လျှော်၏၊ (ဥပမာ) ဘုရင်၏ရှေ့တော်မှောက်၌ အမတ်ကြီးများ စီရင်ချက်အတိုင်း၊ အမတ်ကြီး(၆)ယောက်၏ ရာဇသတ်နှင့်အညီ၊ တရားစီရင်လေရာ၊ ဘုရင်မင်းမြတ်ကလည်း အမတ်ကြီးများ စီရင်ချက်အတိုင်းတည်စေဟု အမိန့်ချမှတ်၏။ ဤ၌ ဘုရင်၏အမိန့်သည် အမတ်ကြီး(၈)ယောက်၏ စီရင်ချက်နှင့်၎င်း၊ အထက် ရာဇသတ်ကျမ်း၌၎င်း လျှော်သကဲ့သို့တည်း။ ဤအနုလောမဉာဏ်ဟူသည် မဂ္ဂဝီထိ၌ပါသော ပရိကံ၊ ဥပစာ အနုလုံ၊ ကိစ္စတတ်သော ဉာဏ်ပင်တည်း။ အနုလောမခန္တိဟု ဘယဉာဏ်တပါးကို၊ ပရိညာသုံးပါးဖြင့် ပိုင်းခြားဝေဖန်သော်၊ ဉာတပရိညာသို့ ဇုဒ္ဒကပဟာထားခဲ့ပြန်တော့၊ နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်၊ ဤဉာဏ်(၂)ပါးသည် ရုပ်နာမ်ခန္ဓာ၊ အကြောင်းအကျိုး ပိုင်းခြား၍သိအပ်သောကြောင့်၊ ဉာတပရိညာဉ်ဟု သုခပဋိပဒါ ယောဂီများမှတ်ကြပေ။ တီရဏပရိညာ ဆိုဒါက သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဒီ(၂)ပါးသည် ရုပ်လက္ခဏာရေး သုံးပါး အလွန်ထင်ရှားသောကြောင့် တီရဏပရိညာဟု သုခပဋိပဒါ ယောဂီများမှတ်ကြပေ။ ပဟာနပရိညာ ဆိုဒါက ဘင်ဉာဏ်၊ ဘယ

ဉာဏ် အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဤဉာဏ်(၈)ပါးသည် ကိလေသာ စသည်တို့ကို ပယ်ခြင်း၊ ကြည်ခြင်း၊ ခေါင်းပါးစေခြင်း သဘောရှိသောကြောင့် သုခပဋိပဒါယောဂီများ ပဟာနပရိညာဉ်ဟု မှတ်ကြပေ။

ပါရမီရှင်ယောဂီများ....

ဘုရား......။

ယောဂီများတို့-မိမိတို့ဉာဏ်ဝယ် ပိုင်ကြရဲ့လား။

မှန်လှပါ၊ ပိုင်ကြောင်းပါဘုရား။

## ဂေါတြဘုဉာဏ်ခဏ်းဆက်လက်ဟောတော်မူ၏

ဂေါတြဘုဉာဏ်ဆိုဒါ၊ သင်္ခါရကို အာရုံမပြု၊ နိဗ္ဗာန်ကိုသာ အာရုံပြုသောကြောင့် ဝိပဿနာဉာဏ်၌ မဝင်၊ သို့သော် ဝိပဿနာဉာဏ်များ၏ အထွဋ် ဦးခေါင်းနှင့် တူသောကြောင့် ဝိပဿနာတွင်သွင်းယူရ၏။ သင်္ခါရုပေက္ခာဉာဏ်ဖြင့် သင်္ခါရတို့၌ လစ်လျူရှုဘာ၊ အနိစ္စဆိုဒါက သုညာတမဂ်၊ ဒုက္ခဆိုဒါက အနိမိတ္တမဂ်၊ အနတ္တဆိုဒါက အနိဒဿနမဂ်၊ သိုမဂ်တို့ဖြင့် သင်္ခါရလွတ်ကင်းရာ နိဗ္ဗာန်ကိုသာ နိဗ္ဗာန်အာရုံမပဋိဝေဝေ ဒေသနာတော်နှင့်အညီ၊

အဖြစ်ကင်းရာနိဗ္ဗာန်၊ ဘိမြင်တာက မဂ်ဉာဏ်၊ ဒီလို ထိုးထွက်၍ဖြစ်ပေါ်လာသောဉာဏ်ကို ခေါ်တယ်။

## မှတ်ချက်။ ။တဖန်အနုလောမဉာဏ်ပေါ်လာပုံ

အနုလောမဉာဏ်ဖြင့် အဝိဇ္ဇာကိုပယ်နိုင်တယ်။ နိဗ္ဗာန်ကိုတိုက်ရိုက်မမြင်ရသေးသဖြင့် နိဗ္ဗာန်ကို ရှာဖွေချင်းပင် သင်္ခါရတို့ကို အာရုံပြုနေရသေးသည်။ (ဥပမာ) ယခုအခါလို စက်သင်္ဘောများ မထွန်းကားမီ၊ ရွက်လှေကြီးများဖြင့် သမုဒ္ဒရာဝယ် ကူးသန်း ရံသောအခါတုန်းက ကုန်သည်တို့သည်၊ လှေပေါ်၌ ကျီးငှက်ကို ယူဆောင်သွားပြီးလျှင် ကမ်းကိုမြင်ရသောအခါ၊ ထိုကျီးငှက်ကို လွှတ်ကြရသတတ်၊ ထိုကျီးသည် ကမ်းကို ပျံသန်း ရှာဖွေစဉ်၊ ကမ်းကိုမမြင်သေးသမျှ လှေသို့ပြန်လာ၍၊ ရွက်တိုင်၌ နားၡ၏။ ထိုနောက် ရှာပြန်၏ မမြင်လျှင် ရွက်တိုင်မှာ လာနား၏ ကမ်းကိုမြင်သည့်အခါ၌ကား၊ လှေသို့ မပြန့်လာတော့ဘဲ၊ တဟုန်ထည်း ကမ်းရောက်အောင် ပျံသန်းလေတော့၏၊ ထို့အတူ သုခပဋိပဒါယောဂီများ၏ စိတ်သည်ငှင်း၊ အာရုံသည်ငှင်း၊ နိဗ္ဗာန်မမြင်သေးသမျှ သင်္ခါရကို အာရုံပြုကာ နိဗ္ဗာန်ကိုသာရှာဖွေနေ၏။ နိဗ္ဗာန်မြင်လောက်သည့်အကြိမ်၌ကား၊ ပရိကံ၊ ဥပစာ၊ အနုလုံဟု အနုလောမဉာဏ် ဖြစ်ပေါ်လာပြီးနောက်၊ ဂေါတြဘုဉာဏ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြု

ထျက်၊ မဂ်ဖိုလ် ရောက်အောင် တိုးတက် လာလေတော့သည်။

## အနုလောမဉာဏ်နှင့် ဂေါတြဘုဉာဏ် ထူးခြားပုံ

၁။ ပရိကံ စသော အနုလောမဉာဏ်သည်၊ မောဟမှောင်ကို ပယ်နိုင်၏၊ နိဗ္ဗာန်ကိုမမြင်နိုင်။

၂။ ဂေါတြဘုဉာဏ်သည်၊ နိဗ္ဗာန်ကိုသာ မြင်နိုင်၏၊ မောဟကို မပယ်နိုင်။ (ဥပမာ) နက္ခတ်ဆရာသည်၊ ညဉ့်အခါ၌၊ လကို ကြည့်ရှုလေသော်၊ တိမ်တိုက်ဖုံးကွယ်နေသဖြင့် နက္ခတ်ကိုမမြင်ရ။ ထိုအခါ ကြေခင် လေ လာသဖြင့် ခတ်ကြမ်းကြမ်း တိမ်တွေ ကင်းစင်ရေ၏၊ ဒုတိယလေ လာပြန်ရာ အထပ်စားတိမ်လွှာများကိုလွင့်သွားပြီးနောက် တတိယလေပေါက်မှ တိမ်အားလုံး လွင့်စင်သဖြင့် လကို မြင်ရလေသည်။ ထို့အတူ နိဗ္ဗာန် တည်းဟူသော လမင်းကို ကြည့်ရှုရာဝယ်၊ မောဟမှောင်ကွယ်လာသဖြင့် မမြင်ရဘဲရှိလေရာ၊ ပရိကံ (ဥပမာ) အနုလုံ ဟူသော လေသုံးကြိမ် အစဉ်အတိုင်းလာမှ မောဟ အမှောင် ကင်းစင်၍၊ ဂေါတြဘုဖြင့် နိဗ္ဗာန်တည့်လုသော လမင်းကို မြင်ရလေသည်။ မဂ်စိတ် ပေါ်လာပုံ၊ ဂေါတြဘုစိတ် ချုပ်ပြီးနောက်၊ ကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေတတ်သော မဂ်စိတ်ပေါ်လာ၏။

၁။ ဒုက္ခသစ္စာတို့မှသာရှိ၏၊ ဤလောကီစိတ်၊ စေတသိက်၊ ရုပ်ဆက်အပိုမရှိဟု ဉာဏ်ဝယ်ပိုင်းခြား၍ သိခြင်းဟူသော ပရိညာကိစ္စ ၁။

၂။ သမုဒယသစ္စာ၊ တဏှာ၊ လောဘကို ဉာဏ်ဝယ် စွန့်ပယ်ခြင်းဟူသော ပဟာနကိစ္စ၊

၃။ နိရောဓသစ္စာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဟူသော သစ္ဆိကရိယာကိစ္စ ၁။

၄။ မဂ္ဂသစ္စာကို မိမိ၏ဉာဏ်၊ မိမိ၏သန္တာန်၌ ဖြစ်ပေါ်စေခြင်းဟူသောဉာဏ်ဖြင့် ဆင်ခြင် ပွားများသော ဘာဝနာကိစ္စ ၁။

ပါရမီရှင်ယောဂီများ......

ဘုရား......။

ဒိကိစ္စကြီးလေးချက်ကို တပြိုင်နက်ပြီးစေနိုင်သည်။

မှန်ပါဘုရား။.....။

ပါရမီရှင်ယောဂီများ....

ဘုရား....။

နိဗ္ဗာန်ဆိုဒါ ဉာဏ်၏အမြင်ခံမျှသာဖြစ်ပါတယ်၊ နိဗ္ဗာန်သို့ဝင်ရာ၌လည်း ဉာဏ်သာဝင်ပါတယ်၊ မျက်မှောက်ပြုဆိုရာ၌လည်း ဉာဏ်သာမျက်မှောက်ထင်ရှား၊ နိဗ္ဗာန်ကို

ပြုပါတယ်။ နိဗ္ဗာန်ကို ဘာကြောင့် လိုချင် တောင့်တကြ တာလဲဆိုတော့၊ တကာစောအောင် တကာညွှန့် ဦးမောင် ညီ၊ ဦးမောင်ညီကျော်၊ ဦးလှတင်၊ ဦးဘိုးသန့်၊ ဦးကံကြီး ဦးရွှေဆို၊ ဦးစိန်နှင်း၊ ဦးမောင်စံ ဦးမောင်[illegible]င်၊ ဦးမောင် တင်၊ ဦးသန်းချိုင်း၊ ဒေါ်အေးချို၊ ဒေါ်ရွှေသွယ်၊ ကျောင်း ဆရာ မောင်လှသိန်း၊ ဦးအောင်သိန်း၊ ဒေါ်မိလုံး၊ ဒေါ် သိန်းနု၊ ဒေါ်အေးမြို၊ မကွန် မစောညွန့်၊ မဟာသုခပဋိ ပဒါယောဂီများတို့ဟာ နိဗ္ဗာန်ရဲ့ သဘော သဘာဝကို၊ တိကျမှန်ကန်စွာ မသိသေးခိုက်၊ ပစ္စုပ္ပန်သက်ငင်း ကိုယ် တွေ့ကိုယ်ကြုံ အပေါ်မှာ မကြေနပ်၍သော်၎င်း၊ ကြေနပ်တဲ့ အတိုင်း၊ ကြေနပ်မှုရဲ့ အပေါ် မယုံကြည်၍သော်၎င်း၊ ဒါ ထက်တဆင့်တိုးလျှင် တမျိုးရှိသေးရဲ့ အသင်နှင့် လိုချင် တောင့်တကြဒါပါပဲ၊ သဂါထာဝဂ်သံယုတ်၊ ပါဠိတော် လာတတ်တဲ့အတိုင်း၊ နိဗ္ဗာနံ ပရမံ သုခံ တဲ့ ကိုင်ကြည့် လေ၊ နိဗ္ဗာန်သည် အထက်တန်း ကျသော ချမ်းသာလို့ ဗုဒ္ဓဘုရား ဟောထားတဲ့စကားကို ခံစား စံစားရန်အထယ် ဝတ္ထုချမ်းသာရှိတယ်လို့ အဓိပ္ပါယ်တမျိုး ယူဆထားလို့ ပါပဲ၊ ဗုဒ္ဓဘုရား ဟောလိုရင်းကတော့ အထက်တန်းကျ သော ချမ်းသာဆိုတာဟာ ခံစားမှုအလုံးစုံသည်၊ ဆင်းရဲ ခြင်းဖြစ်သဖြင့် ချမ်းသာဆင်းရဲရဲ့ အပေါ်မှာ ခံစားမှု မှန်သ မျှတို့ရဲ့ လွတ်ရာကိုသာ ဆိုလိုတာပါပဲ၊ တောင့်တသူ

များက၊ မိမိတို့စိတ်ကူးယဉ် ချမ်းသာတွေ ဖြည့်ဆွက်ကာ၊ နိဗ္ဗာန်အခရိုထားပြီး မျှော်မှန်း ရော်ရမ်း၍ နောင်ဘဝ ကောင်းစားရေး အတွက် တောင့်တကြပါပါတဲ့၊ ဆရာ တောင်းပုံ၊ နိဗ္ဗာန်ဆိုတာ ဆင်းရဲတို့ရဲ့ လွတ်ရာသက်သက် သာဖြစ်တယ်၊ ဆင်းရဲဆိုတာလဲ တခြားမဟုတ် ခံစားချင် မှုရှိသာခေါ်တယ်။ စင်စစ်နိဗ္ဗာန်ဆိုတာ ဆင်းရဲချမ်းသာ သဘော မရှိဘူး ဆင်းရဲချမ်းသာတို့ရဲ့ ငြိမ်းရာ၊ အဖြစ် ကင်းရာသာဖြစ်တယ်၊ ဆင်းရဲချမ်းသာငြိမ်းရာ၊ အဖြစ်ကင်း ရာ၊ သဘောမျှသာရှိတဲ့ နိဗ္ဗာန်ကိုလဲ ပိုင်ဆိုင်၊ ခံစားခွင့် မည်သူ၊ မည်ဝါဟူ၍ မရှိဘူးလို့ အမှန်သိ၊ အမှန်မြင်တဲ့ ဉာဏ်ကိုသာမရသေးလျှင် ရအောင် တောင့်တရမယ်။ ဉာဏ်ရတာဟာ ဆုတောင်း၍ နိဗ္ဗာန်ကို ရတာပါဘဲ။

## ဉာဏ်စဉ်ဆယ်ပါး ရှင်းလင်းချက်

ပါရမီရှင်ယောဂီများ......

ဘုရား......။

ဉာဏ်စဉ်ဆယ်ပါး ဆိုတာ၊ တရား အားထုတ် သူရဲ့ စိတ်မြင်၊ ဉာဏ်မြင်ပြောင်းလဲနေပုံကို ဆယ်ပါးဖြာ၍၊ ဟော ထားခဲ့ခြင်းဖြစ်ပါတယ်။ အရှုခံတရားအပေါ်မှာ ပြောင်း လဲလို့ မဖြစ်ကောင်းပါဘူး။ ဒါကြောင့် ဆယ်ပါးနဲ့ ဆယ် ရှစ်ပါးနဲ့ အရေအတွက်တွေ ခွဲပြ ထားပါတယ်။ ပဋိ

သမ္ဘိဒါမဂ်မှာဆိုရင် ဉာဏ်စဉ်တွေ အများကြီး တွေ့ဘူးပါတယ်။ တွေ့ဘူးဒါတော့ တရားရှုတဲ့ ယောဂီပုဂ္ဂိုလ်က သူ့ကိုယ်တိုင် ဘာဉာဏ်-ညာဉာဏ်ဖြစ်နေပြီလို့ မသိဘဲ၊ တရားပြတဲ့ ပုဂ္ဂိုလ်ကသာ ဘာဉာဏ် ရောက်နေပြီ၊ ခုရောက်တာ ဘာဉာဏ်ဘဲလို့ ဆုံးဖြတ် ပေးဒါကိုသာ အများဆုံး ယောဂီများ တွေ့ရကြတယ်။ ဒီလိုဆုံးဖြတ်ပေးဒါကိုလဲ ကြိုက်ရင်လဲကြိုက်တဲ့အတိုင်း လက်ခံ ကျင့်သုံးကြပါ၊ တရားအားထုတ်သူ ယောဂီများ ဆန္ဒအတိုင်းပေါ့၊ သောတာပတ္တိ မဂ်ဉာဏ် ဆိုဒါက နိဗ္ဗာန်မြင်တဲ့ဉာဏ် ကိုခေါ်ပါတယ်။ နိဗ္ဗာန်က ပါရမီရှင်ယောဂီများ မသိလို့သာ သူက အမြဲရှိတရားပါ၊ စာလိုပါဠိဘာသာ အရ ဟောပြတော့ နိစ္စ၊ ဓုဝ၊ သဿတ၊ အဇာတ၊ အဘူတ အသင်္ခတ၊ အပဗ္ဗယ။ မြန်မာလိုပြန်တော့ မြဲ၊ မြဲ၊ မြဲ၊ ထင်ရှားရှိ၊ အထူးသင်ရှားရှိ၊ ပြုလုပ်ဖန်တည်းမှုမရှိ၊ ကံ၊ စိတ် ဥတု၊ အဟာရ၊ ပြုပြင်မရှိ၊ မည်သိ၊ အထောက်အပံ့၊ အကူအညီ၊ ရိက္ခာစရိတ်၊ အဆက်အသွယ် မရှိ၊ အဲဒီတော့ နိဗ္ဗာန်ကရှိပြီးသားမို့ နိဗ္ဗာန်ဖြစ်လာအောင်ကတော့ မည်သူအနေနဲ့ တမင်ပြုလုပ် အားထုတ်နေစရာမလိုတော့ဘူးလို့ မဟာသုခပဋိပဒါ ယောဂီများ ရှေးဦးစွာ သိထားခဲ့ကြပါ။ ရှိပြီးသားနိဗ္ဗာန်ကိုသိရန် မဂ်ဉာဏ်ကိုသာ လိုရင်းထားပြီး တရားဟောရန်၊ တရား ကျင့်ကြံအားထုတ် ပြု

ထုပ်ရန် လိုပါတော့တယ်။ ဒိမဂ်ဉာဏ်ချရေး၊ ယင်းမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုရေးအတွက် ကျင့်စရာနည်းလမ်းတွေကတော့.....

၁။ ဆင်းရဲပင်ပန်းစွာကျင့်မှ နိဗ္ဗာန် ရောက်တဲ့ ဒုက္ခပဋိပဒါလမ်းစဉ်ရယ်၊

၂။ ဆင်းရဲပင်ပန်းစွာ မကျင့်ရဘဲ၊ သက်သက် သာသာ လွယ်လွယ်ကူကူ ကျင့်ပြီး နိဗ္ဗာန်ရောက်တဲ့မဟာသုခပဋိပဒါလမ်းစဉ်ရယ်လို့ ၂-မျိုးရှိပါတယ်။

ယခု မာန်အောင်မြေ့ကထိက ကျေးဇူးရှင် ဆရာတော် ဦးပဏ္ဍိတ ဓမ္မာစရိယ ကမ္မဋ္ဌာနစရိယ ဆရာတော်ဟော ပြောမှုကတော့ မဟာသုခပဋိပဒါ လမ်းစဉ်၊ မဂ်ဖိုလ် နိဗ္ဗာန်ကို အလွယ်တကူမြင်ရေးဆိုတဲ့အတိုင်း၊ မဟာသုခ ပဋိပဒါအကျင့်လမ်းနဲ့ နိဗ္ဗာန်ကို မြင်ရေးကို ဟောမှုခြင်းဖြစ်တယ်။

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူသွားကြတဲ့ ဘုရားရှင်တွေ ဖောင်လာခဲ့တဲ့လူချင်း ဘယ်သူကသာတယ်၊ ဘယ်သူကပိုမြတ်တယ်၊ ဘယ်သူက အထက်တန်းကျတယ်လို့ ဂုဏ်ချယ် ပါဝါရယ် လုပ်နေစရာမလိုပါဘူး။

မှားရင်မြင့်၊<br>
မွန်ရင်ဝန်ခံ၊<br>
ပိုရင်နှုတ်၊<br>
လိုရင်ဖြည့်၊

ဤလေးချက် အခြေခံသွားပြီး၊ ပါရမီရှင်ယောဂီများ အား ဟောကြားပါတယ်၊ ပါရမီရှင်ယောဂီများ ယခု ပစ္စုပ္ပန်ဘဝရောက် မျက်မှောက်ပြုနိုင်တဲ့ နိဗ္ဗာန်ဟာ ကိလေ သာမီးအဖြစ် ကင်းငြိမ်းမှုသက်သက်နဲ့သာ ဆိုင်ပါတယ် ခန္ဓာပါထည့်ချင်ရင်လဲ ကိလေသာနဲ့တကွဖြစ်တဲ့ ခန္ဓာမီး ငြိမ်းမှုနဲ့ အဖြစ်ကင်းမှုနဲ့သာဆိုင်ပါတယ်။

ဤတလံမျှသောက်သော အကျိုးဝိပါက်၊ ရုပ်၊ နာမ်၊ ခန္ဓာ ဖြစ်မှု မဖြစ်မှုနဲ့ မဆိုင်ကြောင်းယောဂီများ ပိုင်း ခြားပြီး သိထားကြပါ။ ကိလေသာဆယ်ပါး ရှိကြောင်း သဂြိုဟ်ကျမ်းမှာလာတယ်။ မိမိ သူတပါး ၂-ဦးသားတို့ ကို ပူလောင်စေတတ်၊ ညစ်နွမ်းစေတတ်တဲ့ သဘောကို ကိလေသာလို့ခေါ်ပါတယ်၊

ဆရာတော် ဟောလို ဒါကတော့ ကိလေသာ အ ကြောင်းကို ဟောချင် ပြောချင်ဒါ မဟုတ်ပါဘူး။ ကိလေ သာမီးအဖြစ်ကင်းတို့ လိုရင်းထားပြီး ဟောနေခြင်းဖြစ် ပါတယ်။

ပါရမီရှင်ယောဂီများ....နိဗ္ဗာန်ဟာ ကိလေသာတို့ ရဲ့ငြိမ်းရာဆိုတဲ့ စကားအရမှာ ငြိမ်းရာတခုကို ပေါ် အောင် ဟောချင်တော့ အဖြစ်ကင်းရာ၊ ငြိမ်းရာနှင့် ဆန့်

ကျင်ဘက်ဖြစ်တဲ့ တရားတခုကို နှိုင်းယှဉ်စရာ အနေနဲ့ ထည့်ပြောရပါတယ်။ ငြိမ်းရာကြီး သက်သက်ဟောလို့ သက်သက်ပြောလို့ မပေါ်လွင်ပါဘူး၊ ဒါကြောင့်ရာဂ၊ ဒေါသ၊ မောဟတို့ရဲ့ကုန်ရာ၊ ဒုက္ခအပေါင်းတို့ရဲ့ချုပ်ရာ၊ ဥပဓိလေးပါးတို့ရဲ့ စွန့်ရာလို့ အပွါးထည့်ပြီး ပေါ်လွင်အောင် ဟောရခြင်းဖြစ်ပါတယ်။

ဥပမာ - သူတော်ကောင်းတယောက်ရဲ့ဂုဏ်ကို ပြောချင်လို့ရှိရင်သူယုတ်မာလုပ်တဲ့အလုပ်မျိုးတွေနဲ့ကလေးမှမလုပ်ကြောင်း ထည့်ပြောရပါတယ်။ထင်ရှားအောင်ကတော့ သူယုတ်မာလို အရက်လဲမသောက်ဘူး၊ ဖဲလည်းမရိုက်ဘူး၊ ဝါးမြလည်းမတိုက်ဘူး၊ ဘိန်းလည်းမရှူဘူး၊ စသည်အားဖြင့် သူယုတ်မာရဲ့ လုပ်ပုံလုပ်ဟန်၊ အပြုအမူ အပြောအဆို၊ အကြံအစည်တွေကိုပွါးပြီး အစားထိုးပြောရပါတယ်။ ဒါမှ သူတော်ကောင်းရဲ့လက္ခဏာ ဂုဏ်တွေဟာ ပေါ်လွင်ထင်ရှားလာပါတယ်၊

ဒီဥပမာလိုပါဘဲ နိဗ္ဗာန် ခေါ်တဲ့ အဖြစ်ကင်းရာ၊ငြိမ်းရာကိုဟောတဲ့အခါ၊ ငြိမ်းရာနဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ မငြိမ်းဒါတွေနဲ့ နှိုင်းယှဉ်ပြီးဟောမှ နိဗ္ဗာန်ရဲ့ဂုဏ် ပေါ်လွင်ထင်ရှားလာပါတယ်။

အဲဒါလို နှိုင်းယှဉ်ပြောဒါကို နှိုင်းယှဉ် ပြောဒါပါက လားလို့ နားမလည်တော့ နှုပြီးသား ကိလေသာတွေ ကုန်မှ၊ ကုန်အောင် အားထုတ်ပြုလုပ်ပြီးမှ နိဗ္ဗာန်ကြီးက ပေါ်လာတော့မလို၊ ရှိလာတော့မလို၊ ထင်ယောင်ထင်မှား ဖြစ်လာတတ်ပါတယ်။

နဂိုရိပကတိက ထင်ရှားရှိတဲ့ နိဗ္ဗာန်ကို မြင်တော့ ၎င်းမြင်တဲ့ဥာဏ်ကို မဂ်ဥာဏ်မဂ်စိတ်လို့ ခေါ်ပါတယ်။ ၎င်းမဂ်ဥာဏ်ခဂ်စိတ်ကဖြစ်နေတော့ကာ အကြောင်းအား လျော်စွာ ဖြစ်ပေါ်လာမဲ့ ကိလေသာစိတ်တွေ ဖြစ်ခွင့် မရလေတော့မပ်ကပယ်တယ်လို့ဟောတော်မူခြင်းပါ၊

အဲဒါလို ဟုတ်တိုင်းမှန်စွာ သဘောမပေါက် ဥာဏ်မ ရောက်ကြလေတော့ကာ ငါ့ရှိမှာ ကိလေသာတွေက အမြဲရှိနေဒါ၊ နဂိုရိကရှိနေဒါ၊ ရှိနေတဲ့ကိလေသာတွေ ကုန်အောင်အားထုတ်ပစ်လို့ကုန်မှ ကုန်ရာဆိုတဲ့နိဗ္ဗာန်ကို ရရောက် မျက်မှောက် ပြုနိုင်ကြမှာလို့ ထင်တတ်ကြပါ တယ်။

ကာသနဲ့ဆက်သွယ်ပြီးပြောရလျှင် ငါ့မှာ အရင်ဘုံး က ကိလေသာတွေရှိတယ်၊ အခုလဲရှိတယ်၊ နောင်လဲရှိ ဒုံးမှာ၊ အဲဒီကိလေသာတွေကုန်မှ နိဗ္ဗာန်ရောက်မှာလို့ အဘိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်ကိုစွဲ၍၊ ဝိဇိကိစ္ဆာကိလေ

ဘာဆိုဒါ ဖြစ်တတ်ပါတယ်၊ မဂ်ကသတ်တဲ့ ကိလေသာ ဆိုဒါ၊ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်နှင့် မဆိုင်ဘူးလို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းက ဆိုပါတယ်။

စင်စစ်ဟောရလျှင် မဂ်တို့ မည်သည် နိဗ္ဗာန်ကိုသာ တိုက်ရိုက် အာရုံပြုပါတယ်၊ ကိလေသာကို တိုက်သတ်နေဒါမဟုတ်ပါဘူး၊ မဂ်စိတ်မဂ်ဉာဏ် ဖြစ်ပေးလို့ ကိလေသာဖိတ် ဖြစ်ခွင့် မရနိုင်ဒါကို အကြောင်းပြု၍ မဂ်ကပယ်တယ်၊ သတ်တယ်လို့ ဟောရခြင်းဖြစ်ပါတယ် အဖြစ်ကင်းငြိမ်းရာဆိုဒါ၊ ပကတိ ပင်ကိုယ် သူ့အလို ငြိမ်းရာပါဘဲ၊ ဘာတွေရှိလို့၊ ဘာတွေ အဖြစ်ကင်းငြိမ်းရာလို့ ဟောရန်မထိုက်ပါဘူး၊ ပြုပြင်ထားလို့ ငြိမ်းရာလားဆိုရင် မဟုတ်ပါဘူး။ ပြုလုပ်ဖန်တည်းမှု မရှိသော အသင်္ခတမျိုးလို့ ဘုရားဟောကျမ်း စာပေတွေထဲမှာ အထင်အရှားရှိခဲ့ပါတယ်။ နဂိုရ်က နိရောဓလို့ နားလည် လွယ်လောက်တဲ့ စကား ပရိယာယ်တွေနဲ့ ဘုရားဟော ကြားခဲ့ပါတယ်။

ဥပမာ - လူပျိုဟာ လူပျိုပါဘဲ၊ ဒီလောက် ပြောရုံနဲ့ မထင်ရှားလေတော့၊ နောက်ထပ် မိန်းမမရှိသေးလို့ အိမ်ထောင်မကျသေးလို့ မယူရသေးတဲ့ မိန်းမကို အငှါးထည့်ပြီး ပြောရပြန် ဟောရပြန်ပါတယ်။ မယူရသေးတဲ့ မိန်းမဟာ အရင်တုန်းက မိန်းမတွေလား၊ အခုရှိတဲ့ မိန်းမ

တွေလား။ သို့မဟုတ် နောက်မှမွေးမဲ့ မိန်းမတွေလားဆို တော့ လူမျိုးဟာ ဘယ်မိန်းမကမှလက်ညှိုးထိုးပြလို့မဖြစ် ပါဘူး၊ သာမန်အားဖြင့်တော့အကုန်လုံးနှင့်ဆိုင်ပါတယ် အဖြစ်ကင်း၍ ငြိမ်းရာနိဗ္ဗာန်ဟာလဲ ဒီလူမျိုး ဥပမာလိုပါ ဘဲ အတိတ်ဖြစ်ပြီးခဲ့တဲ့ ကိလေသာတွေငြိမ်းဒါ၊ ပစ္စုပ္ပန် ဖြစ်တဲ့ ကိလေသာတွေငြိမ်းဒါ၊ အနာဂါတ် ဖြစ်ပေမဲ့ ကိလေသာတွေငြိမ်းဒါလို့ တိုက်ရိုက် ပြောလို့ မဖြစ်ပါ ဘူး၊ ကိလေသာနဲ့ စပ်ယှဉ်ပြီး၊ သာမန်အားဖြင့် ဟော ရင်တော့ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် ကိလေသာ တွေ အဖြစ်ကင်းရာ၊ ငြိမ်းရာလို့ ဟောရပါတယ်၊ ဘာ တွေရှိလို့ ဘာတွေငြိမ်းရာလို့ဟောရန် မထိုက်ပါဘူး။ ဒီလိုဟောဒါ နားမရှင်းကြတော့ ကိလေသာနဲ့ နှိုင်း ယှဉ်ပြီးပြောဟောရပါတော့တယ်။ ဒီလို ဟောပြတော့ ယောဂီတွေဟာ ကိလေသာကို နိဗ္ဗာန်နဲ့ ငါ့မှာ သူ့ မှာ အမြဲအရှိ ထားလိုက်ကြပါရော၊ ဒါကြောင့် တရား ဟောရလဲသိပ်မလွယ်ဘူး၊မွေကာထိကာနံ့မွှေးဒေသေတုံ နှ သုကရာတဲ့ မွေကာထိကာနံ၊တရားဟောလိုသော ပုဂ္ဂိုလ် တို့အား၊ မွေ၊ တရားကို၊ ဒေသေတုံ၊ ဟောခြင်းငှါ။ နသုကရာ၊ မလွယ်။

သာဓု.....သာဓု....သာဓု

နိဗ္ဗာန်၊ အနက်နဲ့ အမြဲထားရှိပြန်တော့ အမြဲမရှိတဲ့ အ ကြောင်း၊ မိမိတို့စိတ်က မသင့်သောအားဖြင့် အာရုံပြု

နှလုံးသွင်းမှုဖြစ်တဲ့ အကြောင်း၊ ဖြစ်လာတော့လဲ ပြိုကွဲပျက်စီးတဲ့အကြောင်း၊ ပုထုဇဉ်ဆိုဒါ အမှန်တရားပေါ်လိုက်ခဲ့တယ်၊ ဟောပြန်တော့လဲ စဉ်းစားခဲ့တယ်၊ ထင်ထားတဲ့အယူအပေါ်၌သာ ဇွတ်လိုက်လေ့ ရှိပါတယ်၊ အယူနောက်ခလိုက်ဘို့ရန် အမှန် တရားကို ဟောရခြင်းဖြစ်ပါတယ်။

သောတာပတ္တိမဂ်ဉာဏ်ရသွားတော့ အယူနောက်မလိုက်တော့ဘဲ အမှန်တရား နောက်သာ ဉာဏ်က လိုက်သွားပါတယ်။ မှန်ဒါကိုမြင်တော့ ရှင်းမြင်တဲ့သဘော၊ သိတဲ့သဘောကို ဉာဏ်လို့ခေါ်ပါတယ်။ ယောနိသောမနသိကာရနဲ့ သဒ္ဓါတရားရှေ့ထားပြီးတော့နာယူတော်မူကြပါလို့ ပါရမီရှင်ယောဂီများကိုဟောဒါ။

ပါရမီရှင်ယောဂီများ။

ဘုရား၊

အယူတွေဖယ်ထားခဲ့ပြီး၊ အမှန်တရားကို နာကြားတဲ့အခါ၊ ဥပ္ပါဒ၊ အနုပ္ပါဒ ခေါ်တဲ့ ဖြစ်ခြင်း၊ အမှန်အဖြစ်ကင်းခြင်းအမှန် ၂ ပါးကို ကြည့်ပြန်တော့ ကုသိုလ်တရားဘဲဖြစ်ဖြစ်၊ အကုသိုလ်တရားဘဲဖြစ်ဖြစ် အဗျာကတတရားဘဲဖြစ်ဖြစ်၊ ဥပ္ပါဒ၊ အနုပ္ပါဒ တရား ၂-ပါးနှင့် ချ၍ကြည့်လျှင်၊ တပါးပါးတော့ ဧကန်မှန်နေရမယ်၊ ဟောလိုရင်း

ကတော့ အမှောင်နဲ့ အလင်းလို မမှောင်ရင် လင်းနေရမယ်၊ မလင်းရင် မှောင်နေ ရမယ်လို့ ဆိုပါတယ်။ နိဗ္ဗာန်ခန္ဓ ပဋိပက္ခမေဝ တဲ့ ယောဂီများရဲ့ အကျိုးဝိပါက် ခန္ဓာကိုယ်ပေါ် တင်စားပြီး၊ ဉာဏ်အား ထင်ရှားအောင် ပြကြရမယ်၊ ကြည့်ရှုရမယ်၊ ပါရမီရှင် ယောဂီများရဲ့ သန္တာန်မှာ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော အလိုလောဘနဲ့ တကွ ဖြစ်တတ်တဲ့ စိတ်တွေဟာ အဖြစ်ကင်းတဲ့ အနေနဲ့ ရှိဒါလဲ မှန်ပါတယ်။ ၎င်းအဖြစ်ကင်းနေတဲ့ သဘောဟာ ပါရမီရှင်ယောဂီများ ပြုပြင်ထားလို့ အဖြစ်ကင်းနေဒါလားဆိုရင် မဟုတ်ပါဘူး၊ သူ့ဖါသာ သူ့အလိုလို အဖြစ်ကင်းနေခြင်းပါ။

ဥပမာ - ကုသိုလ်စိတ်ဆိုဒါ ပါရမီရှင်ယောဂီများက ကုသိုလ်ဖြစ်လောက်အောင် တမင်အာရုံပြုမှ ဖြစ်ပေါ်လာဒါ အမှန်ပါ၊ အကုသိုလ်စိတ် ဆိုဒါလဲ အကုသိုလ်ဖြစ်လောက်အောင် တမင်အာရုံပြုမှ၊ တမင်နှလုံးသွင်းမှ ဖြစ်ကြဒါအမှန်၊ စည့်ကြီးသံဟာ တမင်တီးခတ်မှ မြည်သလို ပမာ ကုသိုလ်ဆိုတဲ့ကောင်းစိတ်တွေ၊ အကုသိုလ်ဆိုတဲ့ စိတ်ဆိုး၊ စိတ်မိုက်၊ စိတ်သရမ်းတွေဟာ တမင်နှလုံးသွင်းမှဖြစ်ပေါ်လာကြဒါအမှန်ပါ၊ နှလုံးမသွင်းမီ၊ အာရုံမပြုမီက ဆိုရင် အနုပ္ပါဒသဘောနဲ့ အဖြစ်ကင်းလျက် သန့်ရှင်းနေပါတယ်။ ၎င်းအဖြစ်ကင်းရာ သဘော အမှန်ကိုသာ ဉာဏ်နှင့်မြင်တော်မူကြပါ၊ အဲဒါလို အဖြစ်ကင်းရာ သ

ဘောမှန်ကိုသာ ဉာဏ်နှင့်သိထားရင် မောဟဆိုဒါလဲ ဖြစ်ခွင့်မရတော့ပါ။ ဖြစ်ခွင့်မရတော့ အနုပ္ပါဒသဘော မှန်ထဲသို့ မောဟလဲသက်ဝင်သွားပါတယ်။ ဥပ္ပါဒေ အာဒီနဝံဒိသွာ အနုပ္ပါဒေ ခေမတ္တံ ပဿန္တော လို့ဘဲ ဟောတဲ့ဖြစ်ခြင်းနဲ့ အဖြစ်ကင်းဖြစ်၍ အဖြစ်ကင်းရာ နိဗ္ဗာန်နဲ့ စိတ်ပြေးဝင်တယ်ဆိုရမှာလဲ အလှအဆတွေ အများများကြီးပါဘယ်။

ဥပမာ - မီးကိုမကိုင်ခင်က အပူတွေ ငြိမ်းနေတယ်။ ကိုင်ရင်တော့ ပူလောင်တဲ့ ဒုက္ခ အမှန်ဖြစ်မှာလို့ ဉာဏ်ရှိသူများ ကြိုတင်သိထားသလို ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော သဘောတရား မကျ စိတ်တွေဟာလဲ နဂိုရ်ခဲ့ပကတိကတော့ အဖြစ်ကင်းလျက် သန့်ရှင်းစင်ကြယ်နေတယ်။ ငါ့အနေနဲ့ သူ့အနေနဲ့ မနေနိုင်လို့ ပြုလုပ်ပိုက်တော့မှ ဖြစ်တယ်။ ဖြစ်လာတော့လဲ ဖြစ်တယ်။ ဖြစ်ဖြစ်သမျှ ကတော့ ဇာတိဒုက္ခလို့ ဗုဒ္ဓဟောဒါ မှန်တယ်လို့ မမှိတ်မသုံ ယုံကြည်လျက် အဇာတ ခေါ်တဲ့ အဖြစ်ကင်းရာ နိဗ္ဗာန်နဲ့ သာမိမိစိတ်ဟာ တွေ့နေပါတော့တယ်။ အဖြစ်ကင်းရာနဲ့ စိတ်နဲ့ တွေ့နိုင်သမျှ တွေ့တွေ့ နေအောင် ကြိုးစားပြီး ကျင့်သုံးနေထိုင်ခြင်းသဘောကို အနုပ္ပါဒေ ခေမတ္တံ ပဿန္တိ ဗုဒ္ဓဟောကြားခြင်းဖြစ်တယ်။

ပါရမီရှင်ယောဂီများ။

ဆုရား။

တချို့ ဒုက္ခပဋိပဒါ ဝိပဿနာဆရာတွေက ယခုဘဝ လက်လွှန်ပြီးသားဒုက္ခတွေကို ကြည့်ပြီးနောက်လဲ အလားတူဒုက္ခတွေကို ကြောက်ရွံ့ ဝိုးရိမ် စက်ဆုပ်ရွံမုန်းပြီး နေကြပါတယ်။ အမှန်ကတော့ ဒုက္ခမှန်သမျှကို မချစ်ခင် မနှစ်သက်တော့၊ ချစ်ခင်နှစ်သက်မှု အလိုတွေ၊ အာသာတွေ ကုန်သွားကြတယ်လို့ ပြောပါတယ်။ အလိုကုန်ရင် နောင် ဒီလိုဒုက္ခမျိုးတွေနှင့် မတွေ့ခဲ့ကော့ဘူးလို့ ပြောကြပါတယ်။ ဒါကြောင့်လဲ ဒုက္ခကို ကြပ်ကြပ်အပွားခိုင်းလေ့ ရှိကြပါတယ်။

ပါရမီရှင်ယောဂီများ......

ဘုရား....။

ပွားရမှာက ဘာလဲ။

မဂ္ဂပါဘုရား။

ပွားနေကြဒါက ဘာလဲ။

ဒုက္ခပါဘုရား။

ပွားရမှာက မဂ္ဂ၊ အပွားခိုင်း၍ ပွားနေကြဒါက ဒုက္ခကိုင်း......ကြည့်ကြပေ! အမှန်ကိုသိရန်အတွက် လိုရင်းထားပြီး၊ ဉာဏ်ယှဉ် အနုပ္ပါဒ ခေါ်တဲ့ အဖြစ်ကင်းရာ သဘောကြီးတခုဟု ပြုမြင်မပေးရဘဲ၊ သူ့သဘောအတိုင်း ထင်ရှားဇကန် အမှန်ရှိပါတယ်။

ပါရမီရှင်ယောဂီများ။

ဘုရား။

ဒုက္ခပဋိပဒါသမားလို့ ဘယ်မဂ်ကျမှ ဘယ်အကုသိုလ်ကိုပယ်တယ်၊ ဒါကြောင့် အထက်မဂ်က မပယ်ရသေးတဲ့ အကုသိုလ်ကို ပြုလုပ်ပေမဲ့ အပယ်မကျဘူးလို့ ဒီလိုအကြံသမားလဲ မဟုတ်ပါဘူး။

မှန်ပါဘုရား၊

ဖြစ်လာရင်တော့ ဥပ္ပဒါဆို ဒုက္ခမျိုးဘဲလို့ ဥပ္ပါဒေါ ဒုက္ခံ ဟောခြင်းဖြစ်တယ်၊

ပါရမီရှင်ယောဂီများ....

ဘုရား......။

ဒီနေရာတွင်......

(၁) သိမြင်ရမဲ့တရား၊
(၂) ပြုလုပ်ရမဲ့တရား၊
(၃) မပြုလုပ်ရမဲ့တရား၊

ကိုင်းကြည့်လေ၊ မထမံဒဿနေန သောတာပတ္တိမဂ္ဂေါ။

သောတာပတ္တိ မဂ်ဉာဏ်ဖြင့် မြင်အပ်တဲ့ နိဗ္ဗာန်ဟာ သိမြင်ရမဲ့ တရားလို့ လိုရင်းထားပြီး သိထားကြပေါ့။

(၂) ပြုလုပ်ရမဲ့တရားက ကုသိုလ်၊
(၃) မပြုလုပ်ရမဲ့တရားက အကုသိုလ်၊

ပါရမီရှင်ယောဂီများ၊
ဘုရား၊

နိဗ္ဗာန်ဟာ နိဗ္ဗာန်၊ ခန္ဓာဟာ ခန္ဓာလို့ နားလည်ထား တယ်မဟုတ်လား၊

မှန်ပါဘုရား၊

(၁) နိဗ္ဗာန်ဆိုတဲ့သဘောကလဲ သန္တိလက္ခဏာခေါ်တဲ့ ငြိမ်းချမ်းတဲ့သဘောကြီးကို အမြဲတမ်းဆောင် နေပါတယ်၊

မှန်ပါဘုရား၊

၂။ ခန္ဓာကလဲ ဒုက္ခလက္ခဏာခေါ်တဲ့ မငြိမ်းချမ်းတဲ့ သဘောကိုသာ အမြဲတမ်းဆောင်နေပါတယ်၊

မှန်ပါဘုရား၊

ဥပမာ - သလဲသီးကိုခွဲကြည့်တဲ့အခါ၊ မျက်စိအကြည့် ဝါတ်ရှိသူတိုင်းဟာ သူ့အကန့်နဲ့ သူမြင်သလိုနဲ့၊

ဒီဥပမာလို....

နိဗ္ဗာန်နဲ့ခန္ဓာကိုလဲ သူ့အကန့်နဲ့သူ ဉာဏ်ရှိသူတို့မှာ မြင်နိုင်ပါတယ်၊ ဒီလိုမြင်တဲ့ ယောဂီမှန်ရင် ပါရမီပြည့်ရုံ သည်ဟု ပြောသည့်အတိုင်း ပါရမီရင့် ၎သမ္မာတင့်သလို မှတ်တော်မူကြပါ၊

မှန်ပါဘုရား၊

သုခိတာဟောထ ယောဇနာ၊

ယောဇနာ၊ လောကီမဖက် လောကုတ္တရာ သက်သက်ကိုသာ အလိုရှိကြကုန်သော ပါရမီရှင် ယောဂီအပေါင်းသူတော်ကောင်းတို့သည်၊ သုခိတာ၊ ကိုယ်ကလဲကျန်းမာ စိတ်ကလဲချမ်းသာ ကိုယ်စိတ် ၂-ဖြာ ကျန်းမာချမ်းသာခြင်းနှင့်၊ ဟောထ၊ နိဗ္ဗာန်ဥာဏ်ရောက် မဂ်ပေါက်မှိုထ်ဝင်အားလုံး ပြည့်နိုင်ကြပါစေကုန်တတည်း၊

သာဓု...သာဓု...သာဓု

ယံ ယံ ဝမ္ဗံ အာရဗ္ဘ၊ ယေယေဝမ္ဗာ ဥပ္ပန္နာနိ၊ ဗုဒ္ဓါနံဝမ္ဗ ဒေသနာ ကာလေ စတုသစ္စ ပိနိသာဒုာ နာမန္တပိ။

ဥာဏ်စဉ်ဆယ်ပါး မဟာသုခပဋိပဒါဒေသနာကျမ်း

ပြီးပါပြီ၊

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၃ | ရွှေဘုန်းသခင် | ရွှေဘုန်းတော်သခင် |
| ၄ | ရုပ်နာမ်တို့ကို | ရုပ်နာမ်လို့မို့ |
| ၅ | အလိုမရှိသော | အလိုမရှိအပ်သော |
| ၅ | မမာပြသို့ | ပမာပြသို့ |
| ၆ | အငြင်းအခုံများခြင်းကိုလည်း | အငြင်း အခုံ မများခြင်းကိုလည်း |
| ၆ | နပရာဇေယ | နိပရာဇယေ |
| ၆ | မပြတ်သမျှ ဉာဏ်ဖြင့်ရှု၍ | မပြတ်သမှု ဉာဏ်ဖြင့်ရှု၍ |
| ၆ | လူအများ၊အပေါင်းအလိုမရှိခြင်း | လူများအပေါင်းအလိုမရှိခြင်း |
| ၈ | ဂုံးစရစ် | ဂုံးစရိစ် |
| ၈ | ဒေါ်စိန်နှင်း | ဦးစိန်နှင့် ကျောင်းဆရာလှသိန်း |
| ၈ | မသိန်းကြည်ဝင်း | မသိန်းကြည် |
| ၁၃ | မြိန်းရွက်ပမာ | မြှင်းရွက်ပမာ |

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၁၄ | ရိုက်နှုခြင်း | ရိုက်နှက်ခြင်း |
| ၁၆ | လက္ခဏာယဉ် | လက္ခဏာယာဉ် |
| ၁၆ | နာမညာဏံ | နာမံ ညာဏံ |
| ၁၈ | အယွယ် | အရွယ် |
| ၁၈ | သုံးတု | သုံးဥတု |
| ၁၈ | ချုဂ်ပျောက်ခြင်း | ချုပ်ပျောက်ခြင်း |
| ၂၂ | ပဋိကန္ဓေနေခြင်း | ပဋိသန္ဓေနေခြင်း |
| ၂၃ | ထမင်အားထုတ်ဘွယ် မလို | တမင် အားထုတ် ဘွယ် မလို |
| ၂၃ | ပျက်ခြင်းပျက်တော့၏ | ချက်ချင်းပျက်တော့၏ |
| ၂၄ | ဝိပဿနူပတ္တိလေသ | ဝိပဿနူပက္ကိလေသ |
| ၂၅ | အတိုင်းလောမဉာဏ် | အတိုင်းအနုလောမဉာဏ် |
| ၂၇ | အပျက်ဆင်ကိုသာ | အပျက်ကိုသာ |
| ၃၂ | ညာဏ်သုံးသည် | ညာဏ်သုံးပါးသည် |